ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့ (25-1-2011) (၆၆၅၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြီး ပြီးစီးသွားပါက ဒေသဖွံ့ဖြိုးတိုးတက်မှုမှသည် ကချင်ပြည်နယ်အတွက်ရော ပြည်ထောင်စုကြီးအတွက်ပါ ရေရှည်အကျိုးစီးပွား များစွာဖြစ်ထွန်းလာမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကချင်ပြည်နယ် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၄

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ နမ်ပေါင်လေဆိပ်သို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိကြသည်။



နိုင်ငံတော်ဝန်ကြီးချုပ်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် နမ်ပေါင်လေဆိပ်မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အောင်မြင်သာစံပြကျေးရွာ အတွင်း နေအိမ်များ၊ လမ်းများ စနစ်တကျ အကွက်ချ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။(အပေါ်ပုံ) **နှင့် မေခ-မလိခ မြစ်ဆုံ အောက် တန်ဖဲကျေးရွာ အနီးရှိ မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းပုံစံကို တွေ့ရစဉ်။** (ဝဲပုံ)

(သတင်းစဉ်)

The Mirror
၂၅-၁-၂၀၁၁
(အင်္ဂါနေ့)

မြန်မာ့ရုပ်ရှင် အရည်အသွေးမြင့်မားအောင် စွမ်းဆောင်

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၃ရက်တွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင် ကဇာတ်ရုံ၌ကျင်းပသည်။ ၂၀၀၉ ခုနှစ်အတွင်း ထုတ်လုပ်ရုံတင်ပြသခဲ့သော မြန်မာ့ရုပ်ရှင်ဇာတ်ကားများထဲမှ ထူးချွန်သည့် အနုပညာရှင်များ၊ အတတ်ပညာရှင်များကို စိစစ်ရွေးချယ်ပြီး အကယ်ဒမီဆု ကိုးဆုချီးမြှင့်ခဲ့သည်။

မြန်မာ့ရုပ်ရှင်လောကသားများအနေဖြင့် ရုပ်ရှင်လုပ်ငန်းများကို စစ်ကြို ခေတ်ကာလမှသည် ခေတ်အဆက်ဆက် ရှန်းကန်တည်ဆောက်လာခဲ့ကြသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှသည် မျက်မှောက်ခေတ်အထိ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားအောင် အနုပညာစွမ်းအားဖြင့် ပါဝင်စွမ်းဆောင်ခဲ့ကြသည်။ နိုင်ငံတော်သစ် တည်ဆောက်နေသည့် ယနေ့ကာလတွင်လည်း အနုပညာကဏ္ဍမှနေ၍ အမျိုးသားရေးတာဝန်များကို ဆက်လက်ပါဝင်ထမ်းဆောင်နေကြဆဲဖြစ်သည်။

ရုပ်ရှင်အရည်အသွေး အဆင့်အတန်းမြင့်မားရေးသည် မြန်မာ့ရုပ်ရှင်လောက၏အသက်ဖြစ်သည်။ နိုင်ငံတကာရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းတွဲများ၏ အရည်အသွေးသည် အဘက်ဘက်က ခေတ်မီတိုးတက်လျက်ရှိသည်။ ရုပ်ရှင်ဇာတ်ကားများကို ဒစ်ဂျစ်တယ်စနစ်၊ နည်းပညာအထူးပြုလုပ်ချက်များ ပေါင်းစပ်၍ ထူးခြားဆန်းပြားသည့် ရိုက်ကွင်း ရိုက်ကွက်များဖြင့် တင်ဆက်နေကြပြီဖြစ်သည်။

မြန်မာ့ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ထုတ်လုပ်သူများအနေဖြင့် မိမိတို့ သရုပ်ဆောင်ရိုက်ကူးထုတ်လုပ်တင်ပြလိုက်သည့် ရုပ်ရှင်ဇာတ်ကားများ အဆင့်အတန်းမီနေစေရေး ဂရုပြုကြရပေမည်။ ဇာတ်လမ်း၊ ဇာတ်ကွက်၊ သရုပ်ဖော်ရိုက်ချက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ အနုပညာမြောက် သရုပ်ဆောင်မှုများ ပိုမိုပီပြင် အဆင့်အတန်းမြင့်အောင် ကြိုးပမ်းကြရပေမည်။

ရုပ်ရှင်သည် ပြည်သူများအပေါ် ဩဇာလွှမ်းမိုးသက်ရောက်မှုကြီးမားလှသည်။ ရုပ်ရှင်အနုပညာရှင်များနှင့် ဇာတ်ကားထုတ်လုပ်သူများအနေဖြင့် မိမိတို့၏ ဝတ်စားဆင်ယင်မှု၊ ပြောဆို၊ သရုပ်ဆောင် ရိုက်ကူးမှုများသည် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ထင်ဟပ်ကိုက်ညီစေရေး အလေးအနက်ထားရပေမည်။ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး အနုပညာဖြင့် ကြိုးပမ်းကြရပေမည်။

ယခုအခါ နိုင်ငံတော်၏ ပံ့ပိုးမှု၊ ရုပ်ရှင်လောကသားများ၏ အားထုတ်မှုဖြင့် အရုပ်၊ အရောင်၊ အသံ အရည်အသွေးကောင်းမွန်သည့် ရုပ်ရှင်ဇာတ်ကားများ ထုတ်လုပ်နေကြပြီ။ ဇာတ်အိမ်ဇာတ်လမ်းခိုင်မာ သဘာဝကျကောင်းမွန်ပြီး နိုင်ငံတကာရုပ်ရှင်အဆင့်မီ ဇာတ်ကားများ ပိုမိုထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းကြရပေမည်။ ထူးချွန်ဆုရရှိကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့်အတူ ရုပ်ရှင်လောကသားများ အားလုံးက မြန်မာ့ရုပ်ရှင်ဇာတ်ကားများ၏ အရည်အသွေး အဆင့်အတန်းမြင့်မားရေး လက်တွဲညီညီ ဆက်လက်ကြိုးပမ်းကြရမည် ဖြစ်ပါသည်။ ။

အထက ကျောက်တံတား ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၄

အထက ကျောက်တံတား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို မတ် ၂ ရက် (တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ မည်သည့် ကျောင်းသားဟောင်းမဆို တက်ရောက်ပူဇော် ကန်တော့နိုင်သည်။ လှူဒါန်းလိုပါက ဆရာမ ဒေါ်ကြူကြူ ဆရာမဒေါ်လှအေး ဖုန်း - ၃၇၆၇၁၀၊ ကိုညိုမင်းလွင် ၁၉၉၁ ဖုန်း-၂၄၆၈၃၅၊ ကိုမျိုးသိန်း ၁၉၉၅ ဖုန်း-၀၉-၅၀၁၇၄၀၄၊ ကိုနေလင်းဦး ၁၉၉၇ ဖုန်း - ၀၉ - ၅၁၇ ၉၀၆၀၊ ကိုကြီးစိုးအောင် ၁၉၉၇ ဖုန်း-၀၉-၅၀၆၆၂၂၂၊ ၇၂၇၈၇၂၊ မခင်မျိုးထွေး ၁၉၉၇ ဖုန်း-၃၈၈၀၇၈၊ မစုစုဝင်း ၁၉၉၁ ဖုန်း-၀၉-၅၀၁၂၀၀၅၊ ကိုဂျိုးဂျိုး ဖုန်း-၀၉-၉၉၂၂၇၇၄၊ ကိုဖြိုးသန့် ၂၀၀၆ ဖုန်း-၇၃၀-၂၉၆၂၆၊ မနှင်းပွင့်ဖြူ ၂၀၀၆ ဖုန်း-၂၄၅၂၇၄၊ မဇင်မာဝင်း ၂၀၀၆ ဖုန်း-၃၈၇၇၇၂၊ မမာမာမြင့်၂၀၀၆ ဖုန်း-၇၃၀-၉၈၂၄၄၊ ကိုဉာဏ်ထူးသာ ၂၀၀၇ ဖုန်း-၀၉-၅၀၆၅၂၅၉၊ ကိုသန့်ဇင် ၂၀၀၈ ဖုန်း - ၃၉၄၂၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကြည်ရှိန် မြို့နယ်အဆင့်ပန်းချီပြိုင်ပွဲတွင် ပထမဆုရရှိသော မလှိုင်ယမုံအေးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၃၃၂)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၅) ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် (၅၅)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့ မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သမ္ဗောဒနီယဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာနဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် ဓမ္မာစရိယ၊ ပထမပြန်၊ နိကာယ်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအထူးအောင် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား အောင်လက်မှတ်များ ဆက်ကပ်ချီးမြှင့်ရာ ဝန်ကြီး သူရဦးမြင့်မောင်က အဂ္ဂမဟာအကျော် (ဓမ္မာစရိယပထမ)အထူးအောင် ကျောက်ဖြူမြို့ သံဖြူကျောင်းတိုက်မှ အရှင်ပညာသာရ၊ ဓမ္မာစရိယ ဒုတိယအထူးအောင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဖြဟ္မနိမ္မိတာရုံကျောင်းတိုက်မှ အရှင်သုနန္ဒနှင့်ဓမ္မာစရိယ တတိယအထူးအောင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် ဓမ္မဒီပကျောင်းမှ အရှင်ဓမ္မသိရိလင်္ကာရတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တာဝန်ရှိသူများက အထူးအောင်သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား အောင်လက်မှတ်များ ဆက်ကပ်ချီးမြှင့်ကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီး ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျင်းပ

(၅၅) ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပစဉ်။

(သတင်းစဉ်)

Santini မှ ဟိုတယ်သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၄

Santini International Training Academy က နိုင်ငံတကာအဆင့်မီ ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများအား သင်ကြားပေးလျက်ရှိပြီး Front Office Operation, Food & Beverage Operation နှင့် Housekeeping Operation သင်တန်းများကို အခြေခံကာလတိုသင်တန်းများအပြင် Management Level အဆင့်အထိသင်ကြားပေးကြောင်း သိရသည်။ TRAC (Hospitality Short Courses) များမှာ ဟိုတယ်လုပ်ငန်းနယ်ပယ်သို့ စတင်ဝင်ရောက်မည့်သူများအတွက် အထူးသင့်လျော်ပြီး သင်တန်းပြီးဆုံးလျှင် နိုင်ငံတကာအဆင့်မီဟိုတယ်များသို့ အလုပ်သင်လုပ်ငန်းခွင် (On Job Training) များပါ ပါဝင်သည့်အတွက် သင်တန်းပြီးဆုံးသည်နှင့် စာတွေ့လက်တွေ့ ကျွမ်းကျင်နိုင်ပြီး အာမခံချက်ပြည့်ဝသော နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ကိုပါ ရရှိစေနိုင်မည် ဖြစ်သည်။

Management Level သင်တန်းများမှာ အတွေ့အကြုံ တစ်နှစ်နှင့်အထက်ရှိသူများ(သို့) TRAC (Hospitality Short Courses) ပြီးဆုံး၍ Certificate ရှိပြီးသူများတက်ရောက်နိုင်ပြီး ဝင်ခွင့်အင်္ဂလိပ်စာ ဖြေဆိုရမည်ဖြစ်သည်။ တစ်နှစ်လျှင် ဝင်ခွင့်သုံးကြိမ်ရှိ၍ သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်သည်။ လုပ်ငန်းခွင်ဝင်ရောက်နေသူများ အတွက် ရုံးချိန်ပြင်ပသင်တန်းများကို ဖွင့်လှစ်ပေးထားပြီး ထိရောက်သော စနစ်များဖြင့် သင်ကြားပေးကြောင်း သိရှိရသည်။

ယင်းသင်တန်းကျောင်းသည် အမေရိကမှ တိုက်ရိုက်စစ်ဆေးခဲ့သော Management Level စာမေးပွဲများတွင် ၁၀၀ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း၊ ၉၀ ရာခိုင်နှုန်းမှာ ဂုဏ်ထူးမှတ်များဖြင့် အောင်မြင်ခဲ့ကြပြီး ၎င်းကျောင်းသားများသည် ပြည်တွင်းပြည်ပရှိ ဟိုတယ်ကြီးများ၌ အလုပ်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံရပ်ခြားတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ကျောင်းတက်မည့်သူများ၊ ပြည်တွင်းပြည်ပတွင် ဟိုတယ်အလုပ်ရရှိစေရန် ကြိုတင်ပြင်ဆင်ထားချင်သည့်သူများလည်း တက်ရောက်နိုင်ပြီး ကျောင်းအပ်ရန်နှင့် အသေးစိတ်သိရှိလိုပါက အမှတ် ၁၇၀/၁၇၆ နယူးဧရာဟိုတယ် ပထမထပ်(အာလာဒင်ဂိမ်းစင်တာအနီး) ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း - ၃၈၃၇၇၃၉နှင့် ၃၈၃၇၄၀တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

တောင်ငူမြို့နေ သတင်းထောက် ဦးကျော်လှ၏ အသက် (၇၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ကုသိုလ်အဖြစ် သမာဓိမိသားစုက တောင်ငူမြို့ ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ဘိုးဘွားရိပ်သာအတွင်းရေးမှူး ဦးမြင့်ညို(အမေ့အိမ်)ထံ ပေးအပ်လှူဒါန်းစဉ်။ (၄၇၂)

ပန်းတနော် အလက (ဘိတ်ကျောင်း) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ပန်းတနော်မြို့ အခြေခံပညာ အလယ်တန်းကျောင်း (ဘိတ်ကျောင်း)၌ ၁၉၅၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း ကံ့ကော်ဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံပွဲသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက အလက ကျောင်းအုပ်ကြီး ဖုန်း-၀၄၆-၃၀၄၈၁၊ ဆရာကြီးဦးသိန်းရွှေ ဖုန်း-၀၁-၅၁၈၁၅၀၊ ဒေါ်မြသန်းနှင့်ညီမများ (မင်္ဂလာဈေး) ဖုန်း-၀၁-၃၉၄၂၉၄၊ ဦးအုန်းမြင့် (ရန်ကုန်) ဖုန်း-၀၉-၅၁၇၂၅၉၃၊ ဦးမြင့်စိုး (ရှောက်ချင်) ဥက္ကဋ္ဌ ဖုန်း-၀၉-၈၅၈၅၉၂၇၊ ဦးစန်းတင့်(ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၄၆-၃၀၂၃၇နှင့် ဦးအေးမျိုး(ကျုံဟိုင်း) ဖုန်း-၀၄၆-၃၀၃၅၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့နယ် နတ်ကန်လည်-ကျောက်ပုံ ကျေးလက်ဖွံ့ဖြိုးရေး ကျောက်ချောလမ်းသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၄

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပုံမြောက်ကျေးရွာအုပ်စု ကျောက်ပုံမြောက်ကျေးရွာ၌ နတ်ကန်လည်-ကျောက်ပုံ ကျေးလက်ဖွံ့ဖြိုးရေး ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ပုပ္ပားတောင်မကြီး အရှေ့ဘက်ခြမ်းရှိ ကျေးရွာများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ထားပြီး ဤနတ်ကန်လည်-ကျောက်ပုံလမ်းသစ်ကို ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပုပ္ပားတောင်မကြီး အရှေ့ဘက်ခြမ်းဒေသ စိမ်းလန်းစိုပြည်ပြီး ဖွံ့ဖြိုးမှုအရှိန်ကို ရေရှည်ထိန်းသိမ်းထားနိုင်ရန်အတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းက ကျောက်ပန်းတောင်းမြို့နယ်အတွင်း လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုး တိုးတက်စေရေးအတွက် စက်မှုအခန်းကဏ္ဍမှ လိုအပ်သည်များ ကူညီပံ့ပိုး ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးများနှင့် ဧည့်သည်တော် များသည် နတ်ကန်လည်-ကျောက်ပုံ ကျောက်ချောလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဖွံ့ဖြိုးရေးလမ်း

အဆိုပါ နတ်ကန်လည်-ကျောက်ပုံ ကျောက်ချောလမ်းသစ်သည် လမ်းအရှည် ၁၈ မိုင်ရှိသော ပုပ္ပားတောင်မကြီး အရှေ့ဘက်ခြမ်း ဖွံ့ဖြိုးရေးလမ်းဖြစ်သည့် ဆုံကုန်း - နတ်ကန်လည် - ကျောက်ပုံ ကျောက်ချောလမ်း၏ လမ်းပိုင်းတစ်ခုဖြစ်ပြီး ယခုအခါ ပုပ္ပားတောင်မကြီး အရှေ့ဘက်ခြမ်းရှိ ဆုံကုန်း -ဆင်ဆင်း -နတ်ကန်လည်- ဆည် -လျှော်တော -လွန်အိုင် -ဝက်မထောက်-ကျောက်ပုံတောင်-ကျောက်ပုံမြောက်ကျေးရွာများမှ ဒေသခံပြည်သူများသည် ကျောက်ပန်းတောင်း၊ မိတ္ထီလာနှင့်မန္တလေးမြို့များသို့ လွယ်ကူချောမွေ့စွာ သွားလာ ရောင်းဝယ်နိုင်ကြပြီ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးစိုးသိန်းနှင့် ဝန်ကြီး ဦးလှထွန်းတို့ ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပုံမြောက်ကျေးရွာ၌ နတ်ကန်လည်-ကျောက်ပုံ ကျေးလက်ဖွံ့ဖြိုးရေး ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေး သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)ရှိ လေ့ကျင့်ပညာပေးရေးဌာန၌ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါသင်တန်းခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များ၌ ဖြစ်ပွားခဲ့သည့် မီးလောင်မှု ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ သုံးသပ်ရှင်းလင်းတင်ပြသည်။

စက်သုံးဆီ အရောင်းဆိုင်များ၌ မီးလောင်မှုမဖြစ်ပွားစေရန် ရည်ရွယ်၍ စက်သုံးဆီသိုလှောင်/ဖြန့်ဖြူးရောင်းချခွင့်ရရှိထားသည့် ပုဂ္ဂလိက ကုမ္ပဏီများမှ သင်တန်းသား စုစုပေါင်း ၆၀ ကို သင်တန်းကာလ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) စက်ရုံမှူး၊ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် ပိုင်ရှင်များ တက်ရောက်ကြသည်။

ယခုသင်တန်းတွင် စက်သုံးဆီများ၏ ဂုဏ်သတ္တိများ၊ စက်သုံးဆီကြောင့် ဖြစ်ပေါ်လာနိုင်သည့် မီးဘေးအန္တရာယ် မကျရောက်အောင် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ စက်သုံးဆီများ မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ရန်နည်းလမ်းများ၊ အသုံးပြုရမည့် မီးသတ်ပစ္စည်းများအကြောင်းကို ပြည့်ပြည့်စုံစုံ သင်ကြားပို့ချပေးသွားမည့်အပြင် စက်သုံးဆီ သိုလှောင်ဖြည့်တင်းရာတွင် အသုံးပြုရမည့် Equipment များနှင့် မီးဘေးအန္တရာယ် ကင်းရှင်းစွာ ဖြည့်တင်းသယ်ဆောင်ဖြန့်ဖြူးရာ၌ လိုက်နာဆောင်ရွက်ရမည့် အချက်များစသည့် ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် တစ်ကြိမ်လျှင် ပုဂ္ဂလိကကုမ္ပဏီများမှ သင်တန်းသား ၆၀ ဖြင့် ယခုသင်တန်း အမှတ်စဉ် (၁/၂၀၁၁)မှစ၍ မီးဘေးကြိုတင်ကာကွယ်ရေး သင်တန်းများကို ဆက်တိုက် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၁) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၁-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၂၀ ၆။ အင်္ဂလိပ်စာသုတ
- ၄:၂၅ ၇။ မျိုးချစ်တပ်မတော်
- ၄:၃၀ ၈။ မြူတိမ်ကင်းသောနေ့ (ဇာတ်လမ်းတို)
- ၄:၃၅ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄:၅၅ ၁၀။ အားလုံးရဲ့တာဝန်
- ၅:၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၁၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် အပိုင်း (၁၀)**
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၅။ သူတို့နှင့်သူတို့အကြိုက်
- ၆:၃၀ ၁၆။ အောင်မြင်ခြင်းလမ်းမ
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၅၀)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ မွေးမြူသုတ
- ၂၃။ ဟာသရုပ်စုံ
- ၂၄။ သီချင်းလက်ဆောင်
- ၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၄၉)**
- ၂၇။ **Mini Series**
- ၂၈။ သင့်အတွက်မနက်ဖြန်
- ၂၉။ အပိတ်နှုတ်ဆက်စကား
- ၃၀။ ပြီးပါပြီ။

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှု၊ မြို့တွင်းလမ်းများ ကောင်းမွန်စေမှု ကိစ္စရပ်များကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်နှင့်အဖွဲ့ စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးကျော်လင်းသန်းနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမက(၈) မြောက်ဥက္ကလာပ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တွင် တတိယအကြိမ်မြောက် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲကို ကျင်းပရာ ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများအား ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဘတင့်ဆွေ လိုက်လံနှုတ်ဆက်စဉ်။ (ပညာရေး)

Automobile & Autoparts Expo 2011 ပြပွဲတွင် UNIL - Opal (Lubricants) ပြခန်း ပါဝင်ပြသခဲ့

ရန်ကုန် ဇန်နဝါရီ ၂၄

DIAMOND STEEL CO., LTD. သည် UNIL- Opal Lubricants စက်သုံးချောဆီ (အင်ဂျင်ဝိုင်) များကို ဇန်နဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် တပ်မတော်ခန်းမ၌ ကျင်းပသော Automobile & Autoparts Expo 2011 ပြပွဲတွင် ပါဝင်ခင်းကျင်းပြသခဲ့သည်။

UNIL-Opal Lubricants (ပြင်သစ်) စက်သုံးချောဆီ (အင်ဂျင်ဝိုင်)တွင် ဒီဇယ်သုံးကားများအတွက် CF4, CG4, CH4 တို့နှင့် Grade မျိုးစုံ 5 W30, 5 W40, 10 W30, 10 W40 တို့မှာ ကားသစ်များအတွက် အထူးသင့်လျော်သော 100% Fully Synthetic Oil များဖြစ်သည်။ ပုံမှန်မြို့တွင်းသုံး ကားများအတွက်လည်း 15 W40, 20 W50, Multi Grade အင်ဂျင်ဝိုင်များနှင့် ဒီဇယ်သုံးကားများအတွက် CH4 Grade အထိနှင့် Water Coolar Auto Transmission Gear Oil (Dexron II) နှင့် Hydraulic Oil (Hsm - 68/ HSM-46) အင်ဂျင်ဝိုင်များကို 1 Lit, 4 Lit, 5 Lit , 25 Lit မှ 220 Lit အထိ ရရှိနိုင်သည်။

Mercedes Benz, Capella, Volvo, Cumin ကားကုမ္ပဏီများမှ ထောက်ခံချက်ရရှိထားသော အင်ဂျင်ဝိုင်ဖြစ်ပြီး UNIL- Opal အင်ဂျင်ဝိုင်များ အကြောင်းကို w.w.w.unil.opal.com တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်သည့်အပြင် ရုံးချုပ် DIAMOND Steel Co., Ltd. ဖုန်း-၀၉၈၆-၂၁၃၀၀၊ ၀၉၅၁-၉၄၃၉၆၊ ၇၂၇၈၉၈ နှင့် ၇၂၇၅၄၃ တို့တွင်လည်းကောင်း၊ တာမွေအရောင်းဆိုင်(အခွန်လွတ်ဈေး) စံပယ်ဆောင်(၃) အခန်း(၆) ကျိုက္ကဆံကားပစ္စည်းဝင်း ဖုန်း-၄၀၀၉၄၀ နှင့် ၇၂၆၈၆၉၊ ကိုယ်စားလှယ် အရောင်းဆိုင် ကိုသိန်းဇော်နှင့် တူများ (ဘုရင့်နောင်ဈေး) ဖုန်း-၆၈၀၆၁၄၊ ၆၈၂၇၃၃ နှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ကားပစ္စည်းအရောင်းဆိုင်များ တွင်လည်းကောင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အမေရိကန်ထောင်များအတွင်း နှိပ်စက်သတ်ဖြတ်မှုမှတ်တမ်းများ ထုတ်ပြန်

ဝါရှင်တန် ဇန်နဝါရီ ၂၄

အီရတ်နိုင်ငံ၊ အာဖဂန်နစ္စတန်နှင့် ဂွါတာနာမို ပင်လယ်အော်တို့တွင်ရှိသည့် အမေရိကန် အကျဉ်းထောင်များတွင် ထိန်းသိမ်းထားသူများကို ညှဉ်းပန်းနှိပ်စက်မှုများအား မှတ်တမ်းတင်ထားသည့် ယခင်က မတွေ့ရသေးသော စာရွက်စာတမ်းများကို အမေရိကန် ပြည်တွင်းလွတ်လပ်ရေးသမဂ္ဂက ဖြန့်ဝေခဲ့သည်။

ယင်းသမဂ္ဂက ရရှိခဲ့သော စာရွက်စာတမ်းများတွင် အမေရိကန်အကျဉ်းထောင်များအတွင်းမှ အခြေအနေမှာ စိုးရိမ်ဖွယ်ရာကောင်းကြောင်း၊ အကျဉ်းသားများကို တရားမဲ့သတ်ဖြတ်ကြောင်း ဖော်ပြထားသည်ဟု စီအင်န်အင်န်သတင်းဌာနက စနေနေ့တွင် ကြေညာခဲ့သည်။

၎င်းအပြင် ထွက်ပေါ်ခဲ့သော ထောင်ပေါင်းများစွာသော စာရွက်စာတမ်းများ၌ အကျဉ်းသား ၁၉၀ သေဆုံးရမှုကို အသေးစိတ် မှတ်တမ်းတင်ထားသည်ဟု ဆိုသည်။

လူ့အခွင့်အရေးအုပ်စုများက တောင်းဆိုသဖြင့် သတင်းလွတ်လပ်ခွင့်ဥပဒေအရ အမေရိကန်စစ်ဘက်က အဆိုပါ စာရွက်စာတမ်းများကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

၂၀၀၇ခုနှစ်က အမေရိကန်တပ်ဖွဲ့တစ်ဖွဲ့က ဖမ်းဆီးထားသည့် အီရတ်နိုင်ငံသားလေးဦးကို မည်သို့မည်ပုံ သတ်ဖြတ်ခဲ့သည်ကို လည်းကောင်း၊ ထို့နောက် ဘဂ္ဂဒက် တူးမြောင်းထဲသို့ ပစ်ချခဲ့ပုံကိုလည်းကောင်း အဆိုပါစာရွက်များတွင် ဖော်ပြသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး စောင့်ကြပ်လျက်ရှိသည့် အမေရိကန်အကျဉ်းထောင်တစ်ခုကို တွေ့ရစဉ်။

အမည်မဖော်ပြထားသည့် တပ်ကြပ်ကြီး တစ်ဦးက အကျဉ်းသားများထားရှိသည့် အခန်းတွင်းသို့ ဝင်ရောက်၍ ထိခိုက်ဒဏ်ရာကြောင့် လဲလျောင်းနေသော ထောင်သားကို ထိုးကြိတ်ရိုက်နှက်ကာ သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း စုံစမ်းစစ်ဆေးမှု အစီရင်ခံစာတွင် ဖော်ပြထားသည်။

၎င်းက အခြားသော တပ်ဖွဲ့ဝင်များကို အခင်းဖြစ်ရာ အချုပ်ခန်းအတွင်းသို့ ခေါ်၍ လိမ်လည်ပေးကြရန် ခိုင်းစေခဲ့သည်ဟု ဆိုသည်။

အခြားသော အမှုတစ်ခုတွင် တပ်ဖွဲ့ဝင်တစ်ဦးက လက်နက်မဲ့ အာဖဂန်အမျိုးသားတစ်ဦးအား သေနတ်ဖြင့် ပစ်သတ်ခဲ့သည့်အမှုကို ကျူးလွန်ခဲ့ကြောင်း ဖော်ပြသည်။

အဆိုပါ ပြစ်မှုကျူးလွန်သူများကို စစ်ခုံရုံးက အရေးယူမှု မပြုခဲ့ကြောင်း သမဂ္ဂက ဖွင့်ချသည်။ ထိုကိစ္စများနှင့် ပတ်သက်၍ တာဝန်ရှိသော ထိပ်တန်းစစ်ဘက်အရာရှိများကိုလည်း ထိန်းသိမ်းမှုမရှိဟု ဆိုသည်။

အဆိုပါ စာရွက်စာတမ်းပါ စွပ်စွဲချက်များကို အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ငြင်းဆိုခဲ့သည်။ *အင်တာနက်။*

လီနင်၏ ရုပ်အလောင်းမြှုပ်နှံသင်္ဂြိုဟ်ရန် သဘောထားဆန္ဒမဲကောက်ခံ

မော်စကို ဇန်နဝါရီ ၂၄

ရုရှားအစိုးရလိုလားသော နိုင်ငံရေးပါတီတစ်ခုက ဗလာဒီမာလီနင်ကို မြှုပ်နှံသင်္ဂြိုဟ်ရန် အချိန်အခါသင့်မသင့်အား ရုရှားနိုင်ငံသားများထံမှ ဆန္ဒသဘောထား ကောက်ခံလျက်ရှိကြောင်း ဇန်နဝါရီ ၂၃ ရက်သတင်းများတွင် ဖော်ပြသည်။

လီနင်သည် ဆိုဗီယက်ပြည်ထောင်စုကို စတင်တည်ထောင်ခဲ့သူဖြစ်ပြီး ၎င်းသေဆုံးပြီးနောက် ရုပ်အလောင်းကို ဆေးရည်စိမ်ကာ မော်စကိုမြို့တော် ရင်ပြင်နီ၌ အများပြည်သူတို့ဂါရဝပြု ကြည့်ရှုခြင်းငှာ ထားရှိသည်။

လီနင်၏ ဦးဆောင်မှုဖြင့် ကွန်မြူနစ်စနစ်ကို ကျင့်သုံးခဲ့သော ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲခဲ့ပြီး နှစ်နှစ်ဆယ်နီးပါး မျှကြာသည့်တိုင် ဗလာဒီမာလီနင်၏ ရုပ်အလောင်းကို ရင်ပြင်နီ၌ ဆက်လက်ထားရှိဆဲဖြစ်သည်။

လီနင်သည် ၁၉၂၄ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် သေဆုံးခဲ့ပြီး၎င်းသေဆုံးခဲ့သည့် အထိမ်းအမှတ်ကာလရောက်တိုင်း၌ ရုပ်အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်ရန် သင့်မသင့်ဟူသော ပြဿနာ ပေါ်ပေါက်လေ့ရှိသည်။

ယူနိုက်တက်ရုရှားပါတီ၏ သဘောထားစစ်တမ်း ရလဒ်အား ရုရှားအစိုးရက လက်ခံမည့်ရည်ရွယ်ချက် ရှိမရှိကို မသိရသေးပေ။

သို့ရာတွင် ဗလာဒီမာလီနင်၏ ရုပ်အလောင်းနှင့် ပတ်သက်၍ မည်သို့လုပ်ဆောင်သင့်သည်ကို ရုရှားပြည်သူများကသာ အပြီးသတ်ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က ပြောကြားခဲ့ပြီးဖြစ်သည်။

အေပီ။

လက်ဘနွန်တွင် ဝန်ကြီးချုပ်သစ်ခန့်အပ်ရေး သမ္မတနှင့် ပါလီမန်အမတ်များ ဆွေးနွေးနေ

ဘေရွတ် ဇန်နဝါရီ ၂၄

လက်ဘနွန်နိုင်ငံ၌ ဝန်ကြီးချုပ်သစ်ခန့်အပ်ရေးကိစ္စနှင့်ပတ်သက်၍ သမ္မတ မိုက်ကယ်ဆူလေမန်သည် ပါလီမန်အမတ်များနှင့် ဇန်နဝါရီ ၂၄ ရက်မှစတင်ကာ နှစ်ရက်ကြာ ဆွေးနွေးလျက်ရှိကြောင်း ယနေ့သတင်းတွင်ဖော်ပြသည်။

လက်ဘနွန်ဝန်ကြီးချုပ်သစ်အဖြစ် ရေပန်းစားနေသူမှာ ၂၀၀၅ ခုနှစ်တွင် ဝန်ကြီးချုပ်အဖြစ် ခဏတာတာဝန်ထမ်းဆောင်ခဲ့သူ နာဂျစ်မီကာတီဖြစ်သည်။

အီရန်ကျောထောက်နောက်ခံပြု ဟစ်ဇ်ဘိုလာအဖွဲ့နှင့် မဟာမိတ်များက သန်းကြွယ်သူဌေးကြီး မီကာတီအား ဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်သွင်းမှုကို ထောက်ခံခဲ့ကြသည်။

လက်ဘနွန်နိုင်ငံ၏ နိုင်ငံရေး အကျပ်အတည်း အဆုံးသတ်စေရေးအတွက် ပါတီအားလုံးနှင့် မိမိပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးလုပ်ငန်းလုပ်ငန်းရှင် သူဌေးကြီးတစ်ဦးဖြစ်သူ မီကာတီက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

လက်ဘနွန်နိုင်ငံရှိ ဆွန်နီ၊ ရှီးယိုက်နှင့် ခရစ်ယာန်တို့အတွင်း မီကာတီအား လေးစားချစ်ခင်မှု မြင့်မားနေကြောင်း၊ ၎င်းသည် ဝန်ကြီးချုပ်ဖြစ်လာရန် အလားအလာအကောင်းဆုံးဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖော်ပြသည်။

အင်တာနက်။

အီရတ်နိုင်ငံ ကာဘာလာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူ အမျိုးသမီးတစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ရန် ပြင်ဆင်စဉ်။

အီရတ်နိုင်ငံ ကာဘာလာတွင် ကားဗုံးပေါက်ကွဲ၍ ၂၈ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၄ - အီရတ်နိုင်ငံ ကာဘာလာမြို့တော်တွင် တနင်္လာနေ့၌ ရှီးယိုက်ဘုရားဖူးခရီးသည်များကို ပစ်မှတ်ထား၍ ကားဗုံးခွဲတိုက်ခိုက်ရာ ၂၅ဦးခန့်သေဆုံး၍ ၄၀နီးပါး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အနောက်တောင်ဘက် ၁၁၀ကီလိုမီတာခန့်အကွာအဝေးရှိ ကာဘာလာမြို့အရှေ့ပိုင်း အယ်လ်ဒါအမ်နယ်မြေ၌ စီတန်းလှည့်လည်သော ရှီးယိုက်ဘုရားဖူးများအနီးတွင် နေ့လယ်ပိုင်း၌ ကားဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ဆင်ဟွာသတင်းဌာနသို့ အမည်မဖော်လိုသူက သတင်းပေးသည်။

ကားဗုံးကိုစစ်ဆေးရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ချဉ်းကပ်စဉ်ပေါက်ကွဲခဲ့ခြင်းကြောင့် သေဆုံး၊ ဒဏ်ရာရသူများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည်ဟု ဆိုသည်။

ထိုနေ့နံနက်စောစောပိုင်းတွင် ကာဘာလာအရှေ့ပိုင်း အယ်ဘရာဟီမီယာနယ်မြေ ကားရပ်နားရာနေရာ၌ ကားဗုံးနှစ်လုံး ပေါက်ကွဲခြင်းကြောင့် ခြောက်ဦးသေဆုံး၍ ၃၀ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ကာဘာလာမြို့ ဘာသာရေးအထွတ်အမြတ် အိုမန်ဟူစိန်ဘုရားကျောင်းသို့ အီရတ်နိုင်ငံ ပြည်တွင်းနှင့် ပြည်ပမှ လာရောက်ကြသည့် ထောင်ပေါင်းများစွာသော ရှီးယိုက်ဘုရားဖူးများ ဆုံစည်းကြစဉ် ၎င်းတို့ကို ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အယ်လ်ဂျာဇီးရားရုပ်သံဌာနကို ပါလက်စတိုင်းတာဝန်ရှိသူဝေဖန်ရှုတ်ချ

ရာမာလာ ဇန်နဝါရီ ၂၄

အနောက်ဘက်ကမ်းဒေသ၏ ပါလက်စတိုင်းခေါင်းဆောင်များကို အပုပ်ချရန် ကာတာနိုင်ငံသည် အယ်လ်ဂျာဇီးရားရုပ်သံဌာနကို အသုံးပြုခဲ့ကြောင်း ပါလက်စတိုင်းထိပ်တန်းတာဝန်ရှိသူတစ်ဦးက ယနေ့စွပ်စွဲပြောကြားသည်။

၂၀၀၈ ခုနှစ်အတွင်း အစ္စရေးတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ခဲ့စဉ် ပါလက်စတိုင်းတို့သည် ဂျေရုဆလင်နှင့် ပါလက်စတိုင်းဒုက္ခသည်များအရေးတွင် အလျှော့ပေးလိုက်လျောမှုများ ပြုလုပ်ခဲ့ကြောင်း အယ်လ်ဂျာဇီးရားရုပ်သံဌာနက ဇန်နဝါရီ ၂၃ ရက်တွင် ထုတ်လွှင့်ခဲ့သည်။

ဂျေရုဆလင်နှင့် ပါလက်စတိုင်းဒုက္ခသည်များ အရေးသည် အစ္စရေးနှင့် ပါလက်စတိုင်းအကြား ငြိမ်းချမ်းရေးသဘောတူညီချက်ဖော်ဆောင်ရာတွင် အတိမ်းအစောင်းမခံနိုင်သော ပြဿနာနှစ်ရပ်ဖြစ်သည်။

အယ်လ်ဂျာဇီးရား၏ သတင်းထုတ်လွှင့်ချက်တွင် အရှေ့ဂျေရုဆလင်ရှိ အစ္စရေးများနေထိုင်ရာ နယ်မြေတစ်ခုကို အစ္စရေးနိုင်ငံက ဆက်လက်ထိန်းသိမ်းရန် ပါလက်စတိုင်းတို့က ကမ်းလှမ်းခဲ့ကြောင်း ဖော်ပြထားသည်။

အဆိုပါ သတင်းထုတ်လွှင့်ချက်ကို ပါလက်စတိုင်းစေ့စပ်ညှိနှိုင်းရေးမှူးများက မဆိုင်းမတွ ပယ်ချခဲ့သည်။

အယ်လ်ဂျာဇီးရားရုပ်သံဌာနသည် မသိနားမလည်သော ပါလက်စတိုင်းပြည်သူများ လမ်းမှားရောက်စေရန် မီဒီယာကစားပွဲများကို လုပ်ဆောင်ခဲ့ကြောင်း ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ချုပ်(ပီအယ်လ်အို)၏ အတွင်းရေးမှူးချုပ် ယာဆာအဘက်ဒ်ရက်ဘ်ဘိုက တနင်္လာနေ့တွင် ပြောကြားသည်။

အေပီ။

ဂျပန်အနောက်တောင်ပိုင်းဒေသ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား

တိုကျို ဇန်နဝါရီ ၂၄

ဂျပန်နိုင်ငံ မီယာဇာကီပြည်နယ်၌ H5N1 ကြက်ငှက်တုပ်ကွေးပိုင်းရပ်ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ယနေ့ သတင်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကျူရှူးကျွန်း၏ အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်းဒေသရှိ မီယာဇာကီမြို့ရှိ ကြက်ငှက်မွေးမြူရေးခြံတစ်ခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသည်ကို တွေ့ရှိခဲ့ရသည်။

ရှင်းလင်းသုတ်သင်

ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေမှုကို ယင်းပြည်နယ်တွင် ဒုတိယမြောက် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသည့် ပထမမြောက် ကြက်ခြံမှာ ရှင်တိုမီမြို့၌ တည်ရှိပြီး ကြက်ကောင်ရေ ၁၀,၂၄၀ ကို တာဝန်ရှိသူများက ရှင်းလင်းသုတ်သင်ခဲ့သည်။

ယခုအခါ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသော ဒုတိယမြောက်ကြက်ခြံမှ ကြက်ကောင်ရေ ၄၁၀၀၀၀ ကို ရှင်းလင်းသုတ်သင်ရန် ပြင်ဆင်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံ မီယာဇာကီပြည်နယ် ရှင်တိုမီမြို့၌ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကြက်ငှက်များကို သုတ်သင်ရှင်းလင်းနေစဉ်။

မြန်မာ့ရုပ်ရှင်ဈေးကွက်၏ ပစ္စုပ္ပန်နှင့် အနာဂတ် အလားအလာ

တွေ့ဆုံမေးမြန်း-အောင်မင်းစိုး
ဓာတ်ပုံ - ခင်မောင်ဝင်း (ကြေးမုံ)

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး နည်းလမ်းရှာ ဆောင်ရွက်လျက်ရှိရာ ဒါရိုက်တာ၊ သရုပ်ဆောင်၊ ဓာတ်ပုံ၊ ဇာတ်ညွှန်းစသည့် ရုပ်ရှင်ပညာဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချသင်ကြားပြီး ရုပ်ရှင်လောကသားများ၏ အရည်အသွေး မြင့်မားလာစေရန် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာ့ရုပ်ရှင်ဇာတ်ကားများ ပြည်ပကို ထိုးဖောက်နိုင်စေရန် ပြည်ပရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်ပညာ နှီးနှောဖလှယ်ပွဲများသို့လည်း ရုပ်ရှင်အစည်းအရုံးအမှုဆောင်လူကြီးများနှင့် ရုပ်ရှင်လောကသားများ တက်ရောက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ။

၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်များတွင် ရိုက်ကူးပြသခဲ့သော မြန်မာရုပ်ရှင် ဇာတ်ကားများနှင့် ပတ်သက်၍ မြန်မာ့ရုပ်ရှင်ဈေးကွက်၏ ပြည်တွင်း ပြည်ပ အလားအလာကို ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ပထမဦးစွာ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေကို မေးမြန်းရာတွင် မြန်မာ့ရုပ်ရှင်အစည်းအရုံးအနေဖြင့် ပြည်ပမှ ဖိတ်ခေါ်သည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အထူးကြိုးစားဆောင်ရွက်နေကြောင်း၊ ဤကဲ့သို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းအားဖြင့် နိုင်ငံတကာအနေဖြင့် မြန်မာရုပ်ရှင် ဇာတ်ကားများကို သိလာပြီးနောက်ပိုင်း

ဒါရိုက်တာ အကယ်ဒမီ ကြည်စိုးထွန်း။

တွင် တစ်စတစ်စတိုးချဲ့သွားနိုင်မည် ဖြစ်ကြောင်း၊ မြန်မာပြည်တွင်း ရုပ်ရှင်ဈေးကွက် အခြေအနေမှာ ပရိသတ်ကြိုက်သည့် ဇာတ်ကားများရှိသလို၊ ပရိသတ်မကြိုက်သည့် ဇာတ်ကားများလည်းရှိရာ မြန်မာရုပ်ရှင် ဈေးကွက်သည် အတက်အကျ မြန်ဆန်လွန်းသဖြင့် မြန်မာရုပ်ရှင်ဈေးကွက်ကို တိုင်းတာရန်ခက်ခဲကြောင်း ပြောကြားသွားသည်။

ယင်းနောက် ဒါရိုက်တာ အကယ်ဒမီ ကြည်စိုးထွန်းကို မေးမြန်းရာတွင် လက်ရှိ မြန်မာ့ရုပ်ရှင်ကို နိုင်ငံတကာဈေးကွက်သို့ ပို့မည်ဆိုလျှင် အရုပ်၊ အသံနှင့် အိုင်ဒီယာ ပိုင်းများ လိုအပ်နေသလို သရုပ်ဆောင် အနုပညာသည်အပိုင်းကလည်း ကြိုးစားကြရမည်ဖြစ်ကြောင်း၊ မြန်မာရုပ်ရှင်ကြည့် ပရိသတ်များကလည်း အနုပညာအစစ်ကို အားပေးဖို့လိုအပ်ကြောင်း ပြောကြားသွားသည်။

ဒါရိုက်တာ အကယ်ဒမီ ပန်းချီစိုးမိုး။

ဆက်လက်၍ ဒါရိုက်တာအကယ်ဒမီ ပန်းချီစိုးမိုးကို မြန်မာရုပ်ရှင်ဇာတ်ကားများ၏အလားအလာနှင့် ပတ်သက်၍ မေးမြန်းရာတွင် ရုပ်ရှင်ကြည့်ပရိသတ် အနေဖြင့် ဒရမ်မာကားကြိုက်သူ၊ အက်ရှင်ကားကြိုက်သူ၊ ဟာသဇာတ်ကားကြိုက်သူ၊ အချစ်ကားကြိုက်သူ စသည်ဖြင့် အမျိုးမျိုးရှိကြောင်း၊ သို့သော် ဟာသဇာတ်ကားတစ်မျိုးတည်း တစ်ခေတ်ဖြစ်နေသည်ကတော့ ရိုက်တဲ့သူအတွက်လည်းမကောင်း၊ ကြည့်တဲ့သူအတွက်လည်းမကောင်း၊ ရသအစုံရှိသင့်ကြောင်း။

မြန်မာရုပ်ရှင်ဇာတ်ကားများ ပြည်ပသို့ ထိုးဖောက်ရာတွင် ပထမဦးစွာ မိမိဇာတ်ကားကို ပြည်ပမှ ဝယ်ချင်လာအောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ဈေးကွက်ကို ယှဉ်ပြိုင်ရန် အနုပညာပိုင်းနှင့် အတတ်ပညာပိုင်းမှာ အဓိကဖြစ်၍ သူများဇာတ်ကားကို ကူးချ၍မရ၊ မြန်မာ့နည်း မြန်မာ့ဟန် မြန်မာအနုပညာဖြင့် အံဝင်အောင် ရိုက်ကူးရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ အဆင့်အတန်းမီအောင်၊ အနုပညာဂုဏ်မြောက်အောင် ရိုက်ကူးရမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့နောက် မြန်မာရုပ်ရှင်ဇာတ်ကားများနှင့်ပတ်သက်၍ ဇာတ်ညွှန်းရေးဆရာ အကယ်ဒမီများရှင် ငြိမ်းမင်းနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြည်တွင်းဈေးကွက် အခြေအနေမှာ စီးပွားရေးနှင့်လည်း သက်ဆိုင်သည်ဟု ယူဆကြောင်း၊ မြန်မာရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရာတွင် အချို့ဇာတ်ကားများသည် ဇာတ်ညွှန်းနှင့် အံဝင်ခွင်ကျရိုက်ကူးရန် ခက်ခဲကြောင်းနှင့် ရသစုံ အချိုးညီညီ ပေါင်းစပ်ထားသော ဇာတ်ကားများဖြင့် ပရိသတ်စိတ်ဝင်စားလာအောင် သပ်ရပ်စွာ ပြောင်းလဲရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ရုပ်ရှင်

ဇာတ်ညွှန်းရေးဆရာ အကယ်ဒမီ ငြိမ်းမင်း။

ကားများ ရိုက်ကူးရာတွင် စက်ကိရိယာများ၏ ပံ့ပိုးမှုအား မြင့်မားကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ သရုပ်ဆောင်အကယ်ဒမီ ထွန်းထွန်းဝင်းကို မေးမြန်းရာတွင် **'ကြိုးကြာတောင်ပံခတ်သံ'** ဇာတ်ကားသည် စတင်ရိုက်ကူးစဉ်ကပင် နိုင်ငံတကာ ဈေးကွက်ကို ရည်ရွယ်၍ ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း၊ မကြာမီ မြန်မာရုပ်ရှင်ဈေးကွက်ကိုသာမက ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်နိုင်မည့် ဇာတ်ကားများ ထွက်ရှိလာမည် ဖြစ်ကြောင်း၊ **'အတိတ်ရဲ့အရိပ်'** ဇာတ်ကားသည် တရုတ်နိုင်ငံတွင် ဆုရရှိခဲ့သည့်အတွက် အလားအလာကောင်းများ ပင်ဖြစ်ကြောင်း ပြောကြားသွားသည်။ ။

သရုပ်ဆောင် အကယ်ဒမီ ထွန်းထွန်းဝင်း။

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းနေ ကွယ်လွန်သူ ကျေးဇူးရှင်ဖခင် ဦးစိုးနိုင် (ဌာနမှူး၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း) (လွတ်လပ်ရေးမော်ကွန်းဝင်)-ဒေါ်နီနီတို့အား ရည်စူး၍ သား ဦးသက်နိုင်-ဒေါ်နွယ်နွယ်မြင့် မိသားစုက ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာပြပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာ ကုမ္ပဏီများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်ပြသမည့် ပြပွဲတစ်ခုဖြစ်သော Education, Living & Health Care Exhibition ပြပွဲကို Jade Crown Organizing Group က ကြီးမှူး၍ Shine Construction ၏ အဓိကကူညီပံ့ပိုးမှုဖြင့် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် နာမည်ကျော်ကုမ္ပဏီများနှင့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြသော Shine Construction, ILBC, KMD, HORIZON, TOTAL, NELC, SR Education, Nexus English Language Centre၊ ပညာရွှေအိုး၊ ACA ပညာ့ရိပ်ငြိမ်ဘော်ဒါ၊ MST Computer Centre, MPEC, Global Net,Strategy First, OESC, Study Abroad, Techno Point Engineering Training Centre, Green Light Pre-School, Columbus Health Care Service, Samitivej ဆေးရုံ (Bangkok), Pararam-9 ဆေးရုံ (Bangkok), Keen Cie Health Care Service, Apollo Hospital Group၊ ရွှေမြန်မာတိုင်းရင်းဆေး၊ သဘာဝသုခတိုင်းရင်းဆေး၊ Latest Fashion Shop နှင့် Book For You စာအုပ်ဆိုင်တို့မှ ပါဝင်ပြသကြမည်ဖြစ်သည်။

အဆိုပါပြပွဲကို ပြခန်းပေါင်း ၁၀၀ ကျော်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာ ကုမ္ပဏီများ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပစ္စည်းများအား တစ်နေရာတည်းတွင် တစုတစည်းတည်း ပြည့်ပြည့်စုံစုံ လေ့လာကြည့်ရှုနိုင်မည်ဖြစ်ကာ ကုမ္ပဏီအသီးသီးမှ တင်ဆက်သည့် အရောင်းမြှင့်တင်ရေးအစီအစဉ်များ၊ အထူးအစီအစဉ်များကို ပါဝင်လေ့လာဆင်နွှဲနိုင်မည်ဖြစ်သည်။

Education, Living & Health Care Exhibition ပြပွဲတွင် ပါဝင်ပြသလိုသူများအနေဖြင့် Jade Crown Organizing Group တည်ရှိရာ အမှတ် (၂၀၄) ပထမထပ် (၃၉)လမ်း (အလယ်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၀၉၈၅၉၃၊ ၀၁-၇၃၁၃၈၅၉၃ နှင့် ၀၉-၈၆၃၀၄၄၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၅၃)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ဂျာနယ်၌ GSM ဖုန်းကို ပြည်ပနိုင်ငံများသို့ သယ်ဆောင်အသုံးပြုနိုင်ရန် ခေါ်ဆိုခနှုန်းထား ညှိနှိုင်းနေ၊ ဂျပန်ကားကုမ္ပဏီ ၁၈ ခုနှင့် မြန်မာကုမ္ပဏီများ ကားထုတ်လုပ်ရန်ဆွေးနွေး၊ တောင်ကိုရီးယား ကွန်မန်ဒိုများက ပင်လယ်ဓားပြများလက်မှ မြန်မာ ၁၁ ဦး အပါအဝင် သင်္ဘောသားအားလုံးကို ကယ်တင်နိုင်ခဲ့၊ ကမ်းနားလမ်းသစ်နှင့် ဆက်စပ်လမ်း ၁၀ လမ်းကို အဆင့်မြှင့်နေ၊ ပြည်တွင်းထုတ် ဖိုင်ဘာကေဘယ်များ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်မည်၊ ရန်ကုန်-ဆီရမ်ရိ တိုက်ရိုက်လေကြောင်း ရှေ့လမှစ၍ တစ်ပတ်နှစ်ကြိမ် ပျံသန်းမည်၊ ပြည်တွင်းမှ ရထားများကို ရေဓာတ်ငွေ့ဖြင့် မောင်းနှင်ရန်စီစဉ်မည်၊ Prepaid Card စနစ်သုံး ခရီးသည်တင်ယာဉ်လိုင်း စတင်ပြေးဆွဲမည်၊ အိန္ဒိယက မြန်မာကို ဆိုက်ရောက်ဗီဇာထုတ်ပေးရန် ယာယီဆိုင်းငံ့၊ နေပြည်တော်ကားလေလံပွဲ၌ မော်ဒယ်မြင့်ကားများပါ၍ စိတ်ဝင်စားမှုများပြား၊ Asian Wings လေကြောင်းလိုင်းက ပြည်တွင်းခရီးစဉ်များ ယခုလအတွင်း စတင်ပျံသန်းမည်၊ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက်တွင် မိုဘိုင်းလ်ဖုန်းလိုင်းဆွဲအားမြှင့်သည့် ကိရိယာ ၁၁ ခု တပ်ဆင်မည်၊ မြန်မာ့ရိုးရာခြင်းလုံး အားကစားကို တိုကျိုတက္ကသိုလ်တွင် သင်ကြားရန် လာရောက်လေ့လာ၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်ရပ်နားစခန်းသစ် သုံးခုပေါ်ထွက်လာမည်၊ မြန်မာနှစ်ဦးပါဝင်သော ရွှေ့ပြောင်းလုပ်သား ၁၃ ဦးကို နှင်းမုန်တိုင်းကြားမှ ခက်ခက်ခဲခဲ ကယ်တင်နိုင်ခဲ့၊ သုတစွယ်စုံစာပေဆုရ စာအုပ်ကို ဂျပန်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေမည်၊ ဟစ်တလာကပင် မပျက်စီးစေရန် အမိန့်ပေးခဲ့ရသည့် အီတလီမှ သမိုင်းဝင်တံတားကြီးသို့ တစ်ခေါက်၊ ကြယ်တာရာပေါက်ကွဲမှုကြီးကြောင့် ယခုနှစ်အတွင်း ကမ္ဘာပေါ်၌ ညသည် နေ့အသွင် ပြောင်းလဲလင်းထိန်သွားမည်၊ တရုတ်၌ အချင်း ၆၆ ပေရှိ ဧရာမကျင်းကြီး ရုတ်တရက်ဖြစ်ပေါ်၊ ဝိုင်းထဲသို့ အတင်းပြန်ဝင်ခိုင်းသည့် ကြက်ဖက ပိုင်ရှင်၏ လည်ချောင်းကို အတက်ဖြင့်ခွပ်ကာ အသေသတ်ခဲ့၊ မျိုးသုဉ်းသွားပြီဖြစ်သော ကမ္ဘာဦးဆင်ကို အေးခဲနေသော DNA မှ ပြန်လည်အသက်သွင်းနိုင်တော့မည်၊ စာတိုက်မှ အမေရိကန်သို့ ပင့်ကူများခိုးသွင်းခဲ့သူ ထောင် နှစ် ၂၀ အပြစ်ပေးခံရမည်၊ အာရပ်ကမ္ဘာ၏ အီမယ်လ်ဒါမားကို့စ်ဟု အမည်ပေးခံရသူ တူနီးရှားသမ္မတကတော် ဆော်ဒီအာရေဗျသို့ ထွက်ပြေးရာ၌ ရွှေတစ်တန်ခွဲ ယူဆောင်သွားခဲ့. . . စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် ဖြန့်ချိလိုက်ကြောင်း သိရသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ဒီဇင်ဘာ ၃၀ ရက်က ကျောက်တော်မြို့ မြို့မဈေးသန့်ရှင်းသာယာလှပမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တောင်ပိုင်းဒေသများ ကွက်ကျားမိုး ဆက်လက်အနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီနှင့် လားရှိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၅၉ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၂၅ ရက် ညနေထိခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ကြိုတင်ကာကွယ် ခဲဆိပ်အန္တရာယ်

ထွန်းအောင်လှ (လုပ်ငန်းခွင်ကျန်းမာရေး)

ကမ္ဘာကြီးဟာ သိပ္ပံနှင့်နည်းပညာ တစ်ဟုန်ထိုး တိုးတက်လာမှုကြောင့် စက်မှုကမ္ဘာအဖြစ် သိသိသာသာပြောင်းလဲလာသလို ဒီတိုးတက်မှုများရဲ့ နောက်ဆက်တွဲများအဖြစ် ကမ္ဘာကြီးပူနွေးလာမှု(Global Warming)၊ အိုဇုန်းလွှာပေါက်ပြဲမှု (Ozone Depletion)၊ လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှု (Air, Water and Soil Pollution) စတဲ့ ပြဿနာပေါင်းစုံကို လူသားတွေ နေ့စဉ်နဲ့အမျှ ရင်ဆိုင်ဖြေရှင်းနေကြရပါတယ်။

စက်မှုလုပ်ငန်းများ တိုးတက်လာတာနဲ့အမျှ အဆိုပါ စက်မှုလုပ်ငန်းတွေမှာ အသုံးပြုနေကြတဲ့ ဓာတုကုန်ကြမ်းပစ္စည်းတွေက သိသိသာသာတစ်မျိုး၊ မသိမသာလည်းအပါအဝင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လူသားတွေရဲ့ကျန်းမာရေးအပေါ်မှာ သက်ရောက်မှုတွေရှိလာတာကို တွေ့ရှိနေရပါတယ်။

ယနေ့အချိန်အခါမှာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဓာတုပစ္စည်းအမျိုးမျိုးကို လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး ကဏ္ဍအသီးသီးမှာ တွင်ကျယ်စွာ အသုံးပြုနေကြပါတယ်။ အဆိုပါ ဓာတုပစ္စည်းများကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးမှ ပြည်သူတွေအနေနဲ့ နေ့စဉ်စားဝတ်နေရေးအတွက် မရှိမဖြစ် သုံးစွဲနေကြရတာကို အများသိရှိပြီးဖြစ်ပါတယ်။

ဓာတုပစ္စည်းအမျိုးအစားပေါင်းများစွာကြောင့် ကမ္ဘာ့လူသားများရဲ့ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာခဲ့ပါတယ်။ ဒ့ါအပြင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းသုံး ဓာတုပစ္စည်းများကြောင့် ရောဂါကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်လာခဲ့ပါတယ်။ လူသားတွေအတွက် ဓာတုပစ္စည်းများကြောင့် ရရှိခဲ့တဲ့အကျိုးကျေးဇူးတွေ များစွာရှိပါတယ်။

သို့သော် ဓာတုပစ္စည်းတွေကို ကိုင်တွယ်သုံးစွဲရာမှာ လက်လွတ်စပယ်နဲ့ မဆင်မခြင် သုံးစွဲမှုတွေ၊ စနစ်တကျမရှိတဲ့သုံးစွဲမှုတွေ ရှိခဲ့မယ်ဆိုရင်တော့ ပြည်သူလူထုရဲ့ ကျန်းမာရေးကို ထိခိုက်စေခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းစေခြင်း စတဲ့ ဆိုးကျိုးတွေ ဖြစ်ပွားပေါ်ပေါက်စေနိုင်ပါတယ်။ ဒါကြောင့် ဓာတုပစ္စည်းတွေကို သုံးစွဲရာမှာ အန္တရာယ်ကင်းပြီး အများပြည်သူအကျိုးအတွက် အဓိကဖြစ်စေရန် စနစ်တကျ စီမံခန့်ခွဲထိန်းသိမ်းဖို့ လိုအပ်လာတာကို နိုင်ငံအများက သိမြင်သဘောပေါက်လာခဲ့ကြပါတယ်။

ဓာတုပစ္စည်းတွေအနက် ခဲသတ္တုဟာဆိုရင် လူသားတွေအတွက် အလွန်အသုံးဝင်သလို အန္တရာယ်လည်း အလွန်များပါတယ်။ ဒါကြောင့် ၁၉၃၇ ခုနှစ် ဘေးအန္တရာယ်ဖြစ်စေသော လုပ်ငန်း(ခဲသတ္တုလုပ်ငန်း) (Hazardous Occupation, Lead Rules 1937) ဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ အမျိုးသမီးများနှင့် အသက် (၁၈) နှစ်အောက် အရွယ်မရောက်သေးသူများကို ခဲသတ္တုနှင့်ဆက်နွယ်လျက်ရှိတဲ့ လုပ်ငန်းတွေမှာ လုပ်ကိုင်ခွင့်ကို ကန့်သတ်ထားပါတယ်။

ဒါပေမယ့် ခဲဆိပ်အန္တရာယ်နဲ့ ပတ်သက်ပြီး ဗဟုသုတနည်းပါးခြင်း၊ ခဲသတ္တုအသုံးပြုတဲ့လုပ်ငန်းတွေမှာ ခဲနဲ့ပတ်သက်တဲ့ ပြုလုပ်မှုလုပ်ငန်းစဉ်အားလုံးကို အဆောက်အအုံတစ်ခုတည်းတွင် လုပ်ကိုင်စေခြင်း၊ လုပ်ငန်းလုပ်ကိုင်ရာ အဆောက်အအုံများဟာ လေဝင်လေထွက် မကောင်းခြင်း၊ လုပ်သားတွေအနေနဲ့ တစ်ကိုယ်ရေအကာအကွယ်သုံးပစ္စည်းများ အသုံးပြုမှုမရှိခြင်း၊ တာဝန်ရှိသူများ၏ ကြီးကြပ်မှုအားနည်းခြင်း စတာတွေကြောင့် ခဲသတ္တုကို ကိုင်တွယ်လုပ်ကိုင်နေရတဲ့ အလုပ်သမားတွေမှာ ခဲဆိပ်သင့်မှုအန္တရာယ်များ မကြာခဏဆိုသလို ကြုံတွေ့နေကြရပါတယ်။

ခဲလုပ်ငန်းဟာ တောရော မြို့ပါ နေရာအနှံ့လုပ်ကိုင်နေသော လုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့် လူတန်းစားမရွေး၊ လူမျိုးမရွေး ခဲဆိပ်သင့်မှုအန္တရာယ် ကျရောက်နိုင်ပါတယ်။ ခဲဆိပ်သင့်ခြင်းအန္တရာယ်ကို အများဆုံးကြုံတွေ့နိုင်သူများဟာ ခဲနှင့်ထိတွေ့ကိုင်တွယ်လုပ်ကိုင်နေကြရတဲ့ အလုပ်သမားများ(အထူးသဖြင့် အမျိုးသမီးလုပ်သားများ)၊ သန္ဓေသားများနှင့် ကလေးသူငယ်များ(အထူးသဖြင့် အသက်လေးနှစ်အောက်အရွယ်များ)နဲ့ ကိုယ်ဝန်ဆောင်မိခင်လောင်းများ၊ နို့တိုက်မိခင်များ၊ အိမ်ထောင်သားမွေးပြုနိုင်သည့်အရွယ် အမျိုးသမီးများဖြစ်ကြပါတယ်။ ခဲသတ္တုကို ကိုင်တွယ်လုပ်ကိုင်ကြရတဲ့လုပ်သားတွေမှာ ခဲဆိပ်သင့်မှုဖြစ်ပွားပြီဆိုရင် အဲဒီလုပ်သားမှာသာမကဘဲ သူတို့ရဲ့ အတူနေမိသားစုတွေမှာပါ ခဲဆိပ်သင့်ခြင်းဝေဒနာကို ခံစားရရှိစေနိုင်ပါတယ်။ ဒ့ါအပြင် ခဲလုပ်ငန်းရဲ့ အနီးအနားပတ်ဝန်းကျင်မှာ နေထိုင်ကြသူတွေဟာလည်း ခဲဆိပ်သင့်မှုအန္တရာယ်ကို သွယ်ဝိုက်၍ ခံစားရစေနိုင်ပါတယ်။

ခဲဆိပ်သင့်မှုအန္တရာယ်ကို ဘက်ထရီအိုးအဟောင်းများမှ ခဲသတ္တုပြားများကို ထုခွဲ၊ ချေဖျက်၊ ကျိုချက်၍ လုပ်ငန်းခွင်သုံး ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်တဲ့ ခဲတုံးများထုတ်လုပ်ခြင်း၊ ဘက်ထရီအသစ်ထုတ်လုပ်တဲ့ စက်ရုံများအပါအဝင် ဘက်ထရီအိုးများပြုပြင်ထုတ်လုပ်ခြင်း၊ ခဲသတ္တုတူးဖော်ခြင်း၊ သန့်စင်ကျိုချက်ခြင်း၊ ခဲကျိုချက်၍ လေသေနတ်ကျည်ဆန်များ၊ ငါးဖမ်းပိုက်သုံးခဲလုံးများ၊ ခဲချောင်းများထုတ်လုပ်ခြင်း၊ စဉ့်အိုးလုပ်ငန်းများတွင် ခဲတုံးများကို ထုထောင်း၊ အမှုန့်ကြိတ်၊ ခဲရည်ဖျော်၍ အိုးများတွင် ခဲရည်သုတ်ခြင်း၊ ရော်ဘာနှင့် ကြမ်းခင်းဖယောင်းပုဆိုးလုပ်ငန်းများ၊ ကားဘော်ဒီဆေးမှုတ်လုပ်ငန်းနှင့် ဂဟေဆော်ခြင်းလုပ်ငန်းများ၊ သင်္ဘောတည်ဆောက်ခြင်းနှင့် သင်္ဘောကျင်းလုပ်ငန်းများ၊ တံတားများ၊ ဥမင်များ ပြုပြင်တည်ဆောက်ခြင်းစတဲ့ ဆောက်လုပ်ရေးလုပ်ငန်းအမျိုးမျိုး၊ မော်တော်ယာဉ်များ၏ ရေတိုင်ကီများ ပြုပြင်ထုတ်လုပ်ခြင်း၊ ကြွေထည်၊ မြေထည်နှင့် ရွှေ ငွေ လက်ဝတ်ရတနာများ ထုတ်လုပ်ခြင်း၊ (ရွှေပန်းထိမ်၊ ငွေပန်းထိမ်လုပ်ငန်း)၊ ကြေးနှင့် ကြေးနီ ကျိုချက်ထုတ်လုပ်ခြင်း၊ ခဲပါဝင်သော သုတ်ဆေးများထုတ်လုပ်ခြင်း၊ ဆေးသုတ်ခြင်း၊ ဆေးမှုတ်ခြင်းနှင့် အရောင်တင်ဆီလုပ်ငန်းများ၊ မှန်လုပ်ငန်းများ၊ ခဲစာလုံးပုံသွင်းခြင်းနှင့် ပုံနှိပ်လုပ်ငန်းများ၊ ခဲပါဝင်သော မိတ်ကပ်၊ ပေါင်ဒါ၊ ဆံပင်ဆိုးဆေးများထုတ်လုပ်ခြင်း၊ ကလေးကစားစရာအရုပ်များတွင် ခဲပါဝင်သော အရောင်ဆိုးဆေးကို အသုံးပြုပြီး ဆေးရောင်ခြယ်ခြင်း၊ အိမ်၊ ကား၊ အဆောက်အအုံပြုပြင်ခြင်းလုပ်ငန်းအမျိုးမျိုး စတဲ့ လုပ်ငန်းတွေမှာ တွေ့ရှိနိုင်ပါတယ်။

လူတို့ရဲ့ ခန္ဓာကိုယ်တွင်းသို့ ခဲသတ္တုများ တစ်နည်းနည်းနဲ့ ဝင်ရောက်ခဲ့မယ်ဆိုရင် ဝင်ရောက်သွားတဲ့ ပမာဏနဲ့ အသက်အရွယ်အပိုင်းအခြားပေါ်မူတည်ပြီး ခဲဆိပ်သင့်ခြင်း ဖြစ်ပေါ်စေနိုင်ပါတယ်။ ခန္ဓာကိုယ်တွင်းသို့ ခဲမှုန့်၊ ခဲငွေ့များ ဝင်ရောက်နိုင်တဲ့ နည်းလမ်းတွေကတော့ ခဲရည်ကျိုလုပ်ငန်းများမှာ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ခြင်းနဲ့ အစာလမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ခြင်းတို့ဖြစ်စေနိုင်တဲ့ ခဲသတ္တုလုပ်ငန်းခွင်အတွင်း အစားအစာစားသောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းစသည်တို့ပြုလုပ်ခြင်း၊ ကလေးသူငယ်များအနေဖြင့် လက်စုပ်ခြင်း၊ ခဲသတ္တုပါသည့် ဆိုးဆေးဖြင့် အရောင်ခြယ်ထားသော ကစားစရာအရုပ်များ ပါးစပ်အတွင်းထည့်ခြင်းစသော နည်းလမ်းများ၊ ခဲပါဝင်သော မိတ်ကပ်၊ ပေါင်ဒါ၊ ဆံပင်ဆိုးဆေးများအပါအဝင် အလှပြင်ပစ္စည်းများကို အသုံးပြုတဲ့အတွက် အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်တွင်းသို့ဝင်ရောက်ခြင်းစတဲ့ နည်းလမ်းများဖြစ်ပါတယ်။

အိမ်ထောင်သားမွေးပြုနိုင်တဲ့ အမျိုးသမီးတွေဟာ ကိုယ်တွင်းခဲဝင်ရောက်မှုပမာဏ အဆမတန်များပြားနေတာကိုမသိဘဲ ကိုယ်ဝန်ဆောင်မယ်ဆိုရင် သန္ဓေသားရော မိခင်ပါ ကျန်းမာရေးထိခိုက်နိုင်မှုအန္တရာယ်အလွန်ကြီးပါတယ်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ခန္ဓာကိုယ်ထဲမှာ ခဲပမာဏမြင့်တက်နေပါက ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးအသေမွေးခြင်း၊ လမစေ့မီမွေးဖွားခြင်း၊ ကိုယ်အလေးချိန် လျော့နည်းသောကလေးများမွေးခြင်း၊ သေးကွေးသောကလေး၊ လူစဉ်မမီ၊ မွေးရာပါချို့ယွင်းချက်ရှိသောကလေးများမွေးလာခြင်း စတာတွေ ဖြစ်ပွားစေနိုင်ပါတယ်။ ကိုယ်ဝန်ဆောင်မိခင်လောင်းများ ခဲဆိပ်သင့်ပါက သွေးအတွင်းမှာရှိတဲ့ ခဲဆိပ်ဟာ သန္ဓေသားကလေးငယ်ထံသို့ ရောက်ရှိနိုင်ပါတယ်။ အဲဒီလိုဝင်ရောက်သွားမယ်ဆိုရင် ခဲဆိပ်ကြောင့် သန္ဓေသားမှာ ကျောရိုးကြီးထွားမှုပုံမှန်မဟုတ်ခြင်း၊ စအိုပေါက်ပိတ်ခြင်း၊ မွေးရာပါနှလုံးရောဂါဖြစ်ခြင်း၊ အစာမျိုပြွန်အပေါက်ဖြစ်နေခြင်း၊ ကျောက်ကပ်ချို့ယွင်းမှုဖြစ်ခြင်း၊ ခြေလက်အင်္ဂါပုံမှန်မဖြစ်ခြင်း၊ ကြီးထွားမှုပုံမှန်မဖြစ်ခြင်း၊ အရပ်ကြီးထွားမှုနှုန်း နှေးကွေးခြင်း စတာတွေ ဖြစ်စေနိုင်ပါတယ်။ ကလေးသူငယ်များမှာဆိုရင်လည်း အထူးသဖြင့် အသက်လေးနှစ်အောက်ကလေးတွေမှာဆိုရင် ဦးနှောက်နှင့် အာရုံကြောများထိခိုက်မှုကြောင့် ကိုယ်ပူခြင်း၊ ဖျားခြင်းမရှိဘဲ တက်ခြင်း၊ ကိုယ်ကာယဖွံ့ဖြိုးကြီးထွားမှုနဲ့ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှေးခြင်း၊ နားကြားအာရုံ ချို့တဲ့ခြင်း၊ ဉာဏ်ထိုင်း၍ စာသင်ယူနိုင်မှုခက်ခဲခြင်း၊ ဂနာမငြိမ်ခြင်း၊ ရန်လိုတတ်ခြင်း၊ ပေါင်းသင်းဆက်ဆံရေးအဆင်မပြေခြင်း စတာတွေဖြစ်စေနိုင်ပါတယ်။

လူကြီးများမှာဆိုရင်တော့ စားချင်သောက်ချင်စိတ်မရှိခြင်း၊ ခံတွင်းပျက်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ပြင်းထန်စွာ ဗိုက်နာခြင်း၊ အဆစ်များ၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ သွေးအားနည်းခြင်း၊ မောပန်းလွယ်ခြင်း၊ ခြေလက်များ မလှုပ်ရှားနိုင်ခြင်း၊ သွေးတိုးခြင်း၊ အာရုံစူးစိုက်မှုလျော့နည်းခြင်း၊ ရန်လိုတတ်ခြင်း၊ လိင်စိတ်လျော့နည်းခြင်း၊ မြုံခြင်း၊ ဦးနှောက်ရောင်ခြင်းကြောင့် တက်ခြင်း၊ မေ့မြောသတိလစ်ခြင်း၊ သေဆုံးခြင်း စတာတွေ ဖြစ်ပွားစေနိုင်ပါတယ်။

ခဲဆိပ်သင့်ခြင်းဟာ လုပ်ငန်းခွင်ကြောင့် ဖြစ်ပွားစေသော ရောဂါအမျိုးအစားမှာ ပါဝင်ပါတယ်။ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါတွေဟာ မဖြစ်အောင် ကြိုတင်ကာကွယ်လို့ရပါတယ်။ သို့သော် အန္တရာယ်များတဲ့ဓာတုပစ္စည်းများ (Hazardous Chemicals) တွေကိုအသုံးပြုပြီး လုပ်ကိုင်ကြရတဲ့ လုပ်ငန်းတွေမှာ အလုပ်လုပ်နေကြရတဲ့ အလုပ်သမားတွေအဖို့ ချက်ချင်းအန္တရာယ်ကျရောက်နိုင်သလို ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့ အဲဒီလုပ်ငန်းတွေမှာ ရေရှည်ထိတွေ့လုပ်ကိုင်နေကြရတဲ့ လုပ်သားတွေအဖို့လည်း (Chronic Exposure) လို့ခေါ်တဲ့ ရေရှည်ထိတွေ့မှုကြောင့် ကုသလို့မလွယ်ကူတဲ့ ကျန်းမာရေးပြဿနာတွေ၊ ရောဂါတွေ ဖြစ်လာနိုင်ပါတယ်။

စာရေးသူတို့တိုင်းပြည်ဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတဲ့အတွက် ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ ဈေးကွက်စီးပွားရေးစနစ်ကို ချမှတ်ကျင့်သုံးခဲ့ပါတယ်။ သို့အတွက် စက်မှုဇုန်ကြီးများအပါအဝင် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။

အဆိုပါ စက်မှုလက်မှုလုပ်ငန်းများတွင် (အထူးသဖြင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများတွင်) ခဲသတ္တုကိုင်တွယ်အသုံးပြုသောလုပ်ငန်းများလည်း ပါဝင်လာပါတယ်။ စက်မှုလက်မှုလုပ်ငန်းအပါအဝင် လုပ်ငန်းအသီးသီးတွင် လုပ်ကိုင်နေကြသော လုပ်သားများအား လုပ်ငန်းခွင်ဆိုင်ရာအန္တရာယ်များနှင့် ကျန်းမာရေးဆိုင်ရာအန္တရာယ်များ မဖြစ်ပေါ်စေရန်အတွက် ကြိုတင်ကာကွယ်ပေးမှု လုပ်ငန်းများ၊ ကျန်းမာရေးအသိပညာပေးမှုလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့သည် အရေးကြီးသောလုပ်ငန်းများဖြစ်သလို လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းများလည်း ဖြစ်ပါတယ်။

ဤကဲ့သို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာတာဝန်ရှိဌာနများကသာ ဆောင်ရွက်နေရုံနှင့်မပြီးဘဲ လုပ်ငန်းခွင်အသီးသီးတွင် လုပ်ကိုင်နေကြသော လုပ်သားများနှင့် အဆိုပါလုပ်ငန်းများကို ဦးစီးဦးဆောင် လုပ်ကိုင်နေကြသော လုပ်ငန်းရှင်များကပါ အပြည့်အဝ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် အထူးလိုအပ်ပါတယ်။

ခဲနှင့်ဆက်စပ်တဲ့ လုပ်ငန်းခွင်အမျိုးအစားများတွင် လုပ်ကိုင်နေသူများနဲ့ ၎င်းတို့ရဲ့ မိသားစုဝင်တွေ၊ ခဲလုပ်ငန်းရဲ့ ပတ်ဝန်းကျင်အနီးအနားတစ်ဝိုက်မှာ နေထိုင်ကြသူတွေဟာ ခဲဆိပ်သင့်မှုအန္တရာယ်ကို ကြုံတွေ့ရနိုင်ပါတယ်။ ခဲဆိပ်သင့်တဲ့ လက္ခဏာတွေကတော့ အစာအိမ်ရောဂါ၊ သန်ကောင်စွဲရောဂါ စသည်တို့ကြောင့် မဟုတ်ဘဲ ဗိုက်အောင့်ခြင်း၊ သွေးအားနည်းခြင်း၊ မကြာခဏ မောပန်းလွယ်ခြင်း၊ သွေးတိုးရောဂါရှိခြင်း၊ ကလေးသူငယ်များတွင် မကြာခဏတက်ခြင်း၊ ဉာဏ်ရည်နိမ့်ကျခြင်း၊ စာမလိုက်နိုင်ခြင်း၊ ကိုယ်ကာယကြီးထွားမှုနှုန်း နှေးခြင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ မကြာခဏ သားလျှော၊ သားပျက်ခြင်း၊ ကလေးအသေမွေးခြင်း၊ မွေးရာပါချို့ယွင်းချက်ရှိသော ကလေးများမွေးခြင်း၊ ဦးနှောက်အာရုံကြောဆိုင်ရာလက္ခဏာများ ဥပမာ-ထုံခြင်း၊ အကြောတက်ခြင်း၊ ခြေလက်တုန်ခါခြင်း၊ မကြာခဏ သတိလစ်ခြင်း စသည့် အချက်များထဲမှ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ ခံစားနေရခြင်း စသည်တို့ ဖြစ်ကြပါတယ်။

အထက်ပါအချက်အလက်များထဲမှ တစ်ချက်(သို့မဟုတ်) တစ်ချက်ထက်ပိုမို၍ ခံစားနေရပြီဆိုပါက နီးစပ်ရာကျန်းမာရေးဌာနမှ ဆေးပညာရှင် ဆရာဝန်များထံတွင် ပြသ၍ ကျန်းမာရေးစစ်ဆေးမှုကို ခံယူရမှာ ဖြစ်ပါတယ်။

ခဲလုပ်ငန်းမှာ လုပ်ကိုင်မှုရပ်လိုက်မယ်၊ ဆက်မလုပ်တော့ဘူးဆိုရင် ခဲဆိပ်အန္တရာယ်မရှိတော့ဟု ယူဆ၍ ခဲဆိပ်သင့်မှု ရှိ၊ မရှိ ကျန်းမာရေးစစ်ဆေးမှု မှန်မှန်ပြရန်မလိုအပ်တော့ဟု မိမိဘာသာသတ်မှတ်ကာ ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ပြသခြင်းများ မပြုလုပ်တော့တာတွေကိုလည်း မလုပ်သင့်ပါဘူး။ ဒီအယူအဆဟာ မှားယွင်းပါတယ်။ ခဲနဲ့ ဆက်စပ်တဲ့လုပ်ငန်းလုပ်ကိုင်မှု ရပ်လိုက်ပါက နောက်ထပ်ခဲဆိပ်ဝင်ရောက်ခြင်းနဲ့ နောက်ထပ်ခဲဆိပ်သင့်ခြင်းကို ကာကွယ်နိုင်တာမှန်ပါတယ်။ သို့သော် ယခင်လက်ကျန်ခဲဆိပ်ကို လူ့ခန္ဓာကိုယ်မှစုပ်ယူထားသဖြင့် တဖြည်းဖြည်းနဲ့သွေးထဲသို့ ထုတ်လွှတ်နေပါတယ်။ ဒါကြောင့် သွေးတွင် ခဲဆိပ်ပမာဏ တစ်ဖန်မြင့်တက်ခြင်း ရှိ၊ မရှိနဲ့ ခဲဆိပ်သင့်လက္ခဏာ ရှိ၊ မရှိကို ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပြီး ဆေးကုသမှု ဆက်လက်ခံယူရန် လိုအပ်နေပါသေးတယ်။

ခဲဆိပ်သင့်ခြင်းအန္တရာယ်မဖြစ်စေရန်အတွက် ခန္ဓာကိုယ်တွင်းသို့ ခဲဆိပ်ဝင်ရောက်မှု မရှိစေရန် သတိပြုရမှာဖြစ်ပါတယ်။ ခဲအသုံးပြုသောလုပ်ငန်းများတွင် လုပ်ကိုင်နေကြရသော လုပ်သားများအနေဖြင့် ကိုယ်ခန္ဓာအတွင်းသို့ ခဲဆိပ်ဝင်ရောက်မှု လျော့နည်းစေရန်အတွက် ငါးကလေးများ၊ ဗာဒံစေ့၊ သံဓာတ်ပါဝင်သော ကြက်ဥ၊ အသား၊ ငါးမျိုးစုံ၊ ပဲမျိုးစုံ၊ ကန်စွန်းရွက်၊ ဟင်းနုနွယ်၊ ပေါက်ပန်းဖြူရွက်များ၊ ဇင့်(Zinc) ဓာတ်ပါဝင်သော ဝက်သား၊ အမဲသား၊ အသည်း၊ ကနုကမာ၊ ကဏန်းစတဲ့ အစားအသောက်များကို နေ့စဉ်မှန်မှန်စားသောက်ပေးရန် လိုအပ်ပါတယ်။ အရက်ဆေးလိပ်စတာတွေက ခဲဆိပ်အန္တရာယ်ကို ပိုမိုဆိုးရွားစေနိုင်သဖြင့် ၎င်းတို့ကို သောက်သုံးရှူရှိုက်မှုအား ရပ်တန့်နိုင်က အကောင်းဆုံးဖြစ်ပါတယ်။

ခဲနှင့်ဆက်စပ်တဲ့လုပ်ငန်းတွေမှာ လုပ်သားတိုင်းဟာ မိမိနဲ့ မိမိရဲ့မိသားစု၊ ပတ်ဝန်းကျင်တို့မှာ ခဲဆိပ်အန္တရာယ်ရှိတယ်ဆိုတာကို အစဉ်သတိရှိပြီး ကာကွယ်ရေးနည်းလမ်းတွေကို တိတိကျကျလိုက်နာရမှာဖြစ်ပါတယ်။ ခဲဆိပ်သင့်ခြင်းအန္တရာယ်မှ ကာကွယ်ရန်အတွက် ကိုယ်ဝန်ဆောင်မိခင်လောင်းများ၊ နို့တိုက်မိခင်များနှင့် ကလေးသူငယ်များအနေနဲ့ ခဲမှုန့်၊ ခဲငွေ့များထွက်တဲ့ လုပ်ငန်းများမှာ လုံးဝအလုပ်မလုပ်သင့်ပါ။ ဘက်ထရီနှင့် ခဲမှုန့်ကြိတ်သည့်လုပ်ငန်းများ၊ ခဲမှုန့်ကျိုသည့်လုပ်ငန်းတွေမှာ မိသားစုနေထိုင်ရာအိမ်နဲ့ လုပ်ငန်းခွင်ကို သီးသန့်ခွဲခြားထားရမှာ ဖြစ်ပါတယ်။ ကလေးတွေကို လုပ်ငန်းခွင်ထဲကို ခေါ်မလာသင့်ပါ။ ခဲကိုအသုံးပြုပြီး လုပ်ကိုင်ကြသော လုပ်ငန်းများ၌ လုပ်ငန်းခွင်သုံး ဝတ်စုံ၊ ဦးထုပ်၊ နှာခေါင်းစည်း၊ လက်အိတ်စတာတွေကို စနစ်တကျ အသုံးပြုဖို့ လိုအပ်ပါတယ်။ လုပ်ငန်းသုံးဝတ်စုံကို သီးသန့်ထားပြီး မကြာခဏ စင်ကြယ်အောင် လျှော်ဖွပ်ပေးရပါမယ်။ လုပ်ငန်းသုံးဝတ်စုံကို အိမ်သို့ပြန်မယူရပါ။ အိမ်သို့ပြန်မည့်ဝတ်စုံကို လုပ်ငန်းခွင်အခန်းထဲတွင် မထားရှိရပါ။ အဝတ်လဲရန်အခန်းသီးသန့် ထားပေးရပါမယ်။ လုပ်ငန်းခွင်မှ အိမ်သို့မပြန်မီ ရေချိုးခြင်း၊ အဝတ်အစားလဲခြင်းတို့ကို မပျက်မကွက်ပြုလုပ်သင့်ပါတယ်။ အဆိုပါ လုပ်ငန်းခွင်များအတွင်း ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ အစားအသောက် စားသောက်ခြင်းတို့ကို မပြုလုပ်သင့်ပါ။ ခဲဖုန်မှုန့်များထွက်တဲ့ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်များရှိ ကွန်ကရစ်ကြမ်းခင်းများကို အမြဲတမ်းစိုစွတ်နေအောင် ရေဖျန်းပေးထားသင့်ပါတယ်။ လုပ်ငန်းသုံးဝတ်စုံဖြင့် ကလေးမထိန်းရပါ။ ကလေးကို နို့မတိုက်ရပါ။ လက်၊ နှာခေါင်း၊ ပါးစပ် စသည်တို့ကို စင်ကြယ်စွာမဆေးဘဲ အစားအသောက်များ စားသောက်ခြင်းမပြုလုပ်ရပါ။

သင်္ဘောဆေးသုတ်ထားသည့် နံရံ၊ ပြတင်းတံခါးများကို ကလေးများလက်ဖြင့် ပွတ်သပ်ကစားပြီးနောက် လက်သည်းကိုက်ခြင်း၊ လက်ချောင်းများစုပ်ခြင်း အလေ့အထများ မပြုလုပ်စေရန်၊ ခဲပါသော ဆေးရောင်ခြယ်ထားတဲ့ ကစားစရာအရုပ်များကို ဆော့ကစား၍ ပါးစပ်ထဲထည့်ခြင်း၊ ကိုက်ခြင်းတို့မပြုလုပ်စေရန် သတိပေးခြင်း၊ တားမြစ်ခြင်းတို့ ပြုလုပ်ရပါမယ်။ ခဲသည် ချိုသော အရသာရှိသောကြောင့် ဖြစ်ပါတယ်။

ခဲပါသော ရေပိုက်အစား အခြားသောပိုက်များကို အစားထိုး၍ အသုံးပြုရန်၊ ခဲပါသော ပိုက်အသုံးပြုပါက ဘုံပိုင်ရေကို အသုံးမပြုမီ ခေတ္တဖွင့်ချထားရန်လည်း လိုအပ်ပါတယ်။ နေအိမ်တိုင်းလိုလိုတွင် တွေ့နိုင်သော ဓာတ်ခဲ အကြီး၊ အသေး၊ အလတ် မျိုးစုံတို့ကိုလည်း ကလေးများဆော့ကစားခြင်းမပြုနိုင်စေရန် ကလေးများ လက်လှမ်းမမီသောနေရာတွင် ထားသင့်ပါတယ်။ အသုံးပြုပြီးသော ဓာတ်ခဲအဟောင်းများကိုလည်း သိမ်းဆည်းထားခြင်းမပြုဘဲ စနစ်တကျ စွန့်ပစ်သင့်ပါတယ်။ ခဲနီပါသော ဆိုးဆေးများဖြင့် အချဉ်ထုပ်၊ ယိုစုံထုပ်၊ ပုစွန်ခြောက် စသည့်အစားအစာများကို အရောင်ဆိုးခြင်းနှင့် တိုင်းရင်းဆေးများနဲ့ မိတ်ကပ်၊ ကိုယ်လိမ်းပေါင်ဒါ စသည့် အလှကုန်ပစ္စည်းတွေမှာ ခဲမှုန့်များ ရောနှောထုတ်လုပ်ခြင်းတို့ကို လုံးဝရှောင်ကြဉ်ရမှာဖြစ်ပါတယ်။

ထို့ပြင် အစာမစားမီ လက်များကို စင်ကြယ်စွာဆေးကြောခြင်း၊ အသီးအနှံများကို မစားမီ ရေဖြင့် စင်ကြယ်အောင် ဆေးခြင်းတို့ကို ပြုလုပ်ရပါမယ်။ စဉ့်အင်တုံ၊ စဉ့်အိုး၊ စဉ့်ခွက်များနှင့် ချက်ပြုတ်ခြင်း၊ ချဉ်ဖတ်တည်ခြင်း၊ စိမ်ရည်တည်ခြင်း၊ အရက်ချက်ခြင်းတို့ကို လုံးဝရှောင်ကြဉ်သင့်ပါတယ်။

အချို့သောနေအိမ်များတွင် ဘက်ထရီအိုးအခွံများအတွင်းသို့ ထမင်းရည်ပူများ၊ စားကြွင်းစားကျန်များ စွန့်ပစ်ထားပြီး အဆိုပါစွန့်ပစ် စားကြွင်းစားကျန်များကို ဝက်မွေးသောအိမ်များက လာရောက်သယ်ယူပြီး ဝက်စာကျွေးခြင်းများ ရှိနေပါသဖြင့် အဆိုပါကိစ္စများကိုလည်း မပြုလုပ်သင့်ပါ။ ဘက်ထရီအိုးအခွံများကို လူနေအိမ်များတွင် မည်သည့်ကိစ္စအတွက်မဆို လုံးဝအသုံးမပြုသင့်ပါ။

ခဲဆိပ်သင့်မှုအန္တရာယ်ဖြစ်နိုင်ခြေရှိသောသူများကို ခဲဆိပ်သင့်ခြင်း ရှိ၊ မရှိ ကြိုတင်သိရှိနိုင်ရန် သွေးအတွင်းရှိ ခဲဓာတ်ပါဝင်မှုပမာဏကို သက်ဆိုင်ရာကျန်းမာရေးဌာန၌ စစ်ဆေးရန်လည်း လိုအပ်ပါတယ်။ ဒါမှသာ မိမိတို့ရဲ့ ခန္ဓာကိုယ်တွင်းသို့ ခဲဆိပ်များ ဝင်ရောက်နေမှု ရှိ၊ မရှိကိုသိရှိပြီး လိုအပ်သော ကြိုတင်ကာကွယ်မှု၊ ရှောင်ကြဉ်မှုများကို အချိန်မီပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။

သက်ဆိုင်ရာ တာဝန်ရှိတဲ့ဌာနများအနေနဲ့ လုပ်ငန်းရှင်များအား ကုန်ပစ္စည်းများ၊ အစားအသောက်များ၊ အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ခဲကို လုံးဝထည့်သွင်းအသုံးမပြုစေရန် သတိပေးတားမြစ်ခြင်းများကို ပြုလုပ်ပေးသင့်ပါတယ်။ လူနေရပ်ကွက်များအတွင်း ခဲအသုံးပြုသောလုပ်ငန်းများ(ဥပမာ-ဘက်ထရီအိုး ပြုပြင်ခြင်း၊ အားသွင်းခြင်း၊ ခဲသီး၊ ခဲချောင်းထုတ်လုပ်ခြင်း စသည်များ) လုပ်ကိုင်ပါက ခဲမှုန့်၊ ခဲရည်၊ ခဲငွေ့များသည် လူနေရပ်ကွက်အတွင်းနှင့် ပတ်ဝန်းကျင်ရှိ လေထု၊ မြေထု၊ ရေထုအတွင်းသို့ ပျံ့နှံ့ရောက်ရှိပြီး ၎င်းတို့နှင့် ထိတွေ့မှုရှိသော လူတို့အား ခဲဆိပ်သင့်ခြင်း အန္တရာယ်များ ဖြစ်စေနိုင်ပါတယ်။ အထူးသဖြင့် ကလေးသူငယ်များနှင့် အမျိုးသမီးများတွင် အန္တရာယ်ဖြစ်နိုင်ခြေ ပိုမိုများပြားပါတယ်။ သို့ပါ၍ ခဲမှုန့်၊ ခဲရည်၊ ခဲငွေ့များ ထွက်သည့်လုပ်ငန်းများ(ခဲအသုံးပြုသောလုပ်ငန်းများ) အားလုံးကို လူနေအိမ်များနှင့် ဝေးကွာသော သီးခြားနေရာများတွင်သာ ဆောင်ရွက်စေရန်၊ ခဲလုပ်ငန်း လုပ်ကိုင်ရာ အဆောက်အအုံများတွင် လူနေထိုင်ခြင်းလုံးဝမပြုလုပ်ရန် သက်ဆိုင်ရာတာဝန်ရှိဌာနများက သတ်မှတ်နေရာချထားပေးသင့်ပါတယ်။

ခဲကိုအသုံးပြု၍ လုပ်ငန်းလုပ်ကိုင်ကြသော လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့၏ လုပ်သားများအားလည်းကောင်း၊ လုပ်သားများမှတစ်ဆင့် ၎င်းတို့၏ မိသားစုများအားလည်းကောင်း ခဲဆိပ်သင့်ခြင်း အန္တရာယ်များမဖြစ်စေရန်အတွက် သက်ဆိုင်ရာမှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်သင့်ပါတယ်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာမှာ အလုပ်လုပ်ကိုင်နေသော လုပ်သားများ ကျန်းမာရေးနဲ့ ညီညွတ်ပြည့်စုံနေဖို့ လိုအပ်ပါတယ်။ လုပ်သားများရဲ့ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ဌာနဆိုင်ရာတွေကသာ ဆောင်ရွက်နေရုံနဲ့ မပြည့်စုံနိုင်ပါဘူး။ လုပ်ငန်းရှင်များနဲ့ လုပ်သားများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပါမှ အပြည့်အဝအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

ခဲဆိပ်သင့်မှုအန္တရာယ်ဟာ အလွန်ကြီးမားပါတယ်။ သို့သော် မဖြစ်ပွားရအောင် ကြိုတင်ကာကွယ်လို့ရပါတယ်။ သို့ပါ၍ ခဲဆိပ်သင့်ခြင်းအန္တရာယ်များ မဖြစ်ပွားရအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်အတူ လုပ်ငန်းရှင်များ၊ လုပ်သားများကပါ ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

ဝန်ကြီး ဦးခင်အောင်မြင့် ဝန်ကြီးဌာနဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

နေပြည်တော် ဇန်နဝါရီ ၂၄

တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ၌ ပညာသင်ယူလျက်ရှိသော ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့စရိတ် ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးရုံး ဘက်စုံခန်းမ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ၌ ပညာသင်ယူလျက်ရှိသော ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများဖြစ်ကြသည့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ၁၃၉ ဦး၊ အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၆၃၄ ဦးတို့အား ပညာသင်ထောက်ပံ့စရိတ်များ ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့စရိတ် ပေးအပ်စဉ်။ (သတင်းစဉ်)

ဥတု ရာသီ တောကို မှီ၍

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ဇန်နဝါရီ ၂၀ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် Spring Fair 2010 ပြပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ အလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်သန်းညွှန့်နှင့် ဒေါက်တာမျိုးနိုင်တို့ ဇန်နဝါရီ ၂၂ ရက်က ရန်ကုန်မြို့မှ ထွက်ခွာသွားစဉ်။ (ကြေးမုံ)

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo E & P Myanmar သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-3 တွင် ရေနံရှာဖွေရေးတွင်း မြ(မြောက်) တွင်းကို ရေနံတွင်းတူးစက် Semi - Sub Drilling Rig "Hakuryu-5" ဖြင့် ဖေဖော်ဝါရီ ၁၇ ရက်မှ ဩဂုတ် ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေနံတွင်းတူးစက် Semi-Sub Drilling Rig "Hakuryu-5" ဖြင့် တူးဖော်မည့် ရေနံတွင်း၏ တည်နေရာမှာ မြ(မြောက်) ရေနံတွင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၄၇ ဒသမ ၂၉၃ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၄ ဒသမ ၄၉၅ စက္ကန့်တွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-3 တွင် မြ(မြောက်) ရေနံတွင်းကို ရေနံတွင်းတူးစက် Semi-Sub Drilling Rig "Hakuryu-5" ဖြင့် တူးဖော်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိုက်ပျိုးမွေးမြူရေး ကောဒါသင်တန်း အမှတ်စဉ်(၅) ပြန်လည်တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

စိုက်ပျိုးမွေးမြူရေးကောဒါသင်တန်း အမှတ်စဉ်(၅) နှစ်(၃၀)ပြည့် ပြန်လည်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၉ ရက် (စနေနေ့) တွင် M3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဦးစိုင်းဆမ်တစ်(ပ်)(ရှမ်းပြည်နယ်) ဖုန်း-၀၁-၅၄၄၇၈၂၊ ၀၁-၅၅၈၃၀၁၊ ဒေါ်ညွန့်ညွန့်မြိုင် (ရန်ကုန်) ဖုန်း-၀၁-၅၆၅၀၇၅၊ ၀၁-၇၃၀၇၁၀၄၄၊ ဦးခင်ဇော်(ရန်ကုန်) ဖုန်း-၀၉-၉၉၂၂၈၁၄၊ ၀၁-၇၃၀၂၄၉၇၅၊ ဒေါ်မြမြခင်(ရခိုင်ပြည်နယ်) ဖုန်း-၀၁-၅၅၉၆၄၇၊ ၀၉-၄၉၂၆၅၇၄၉၊ ဦးကျော်စိန်လှ(ရခိုင်ပြည်နယ်) ဖုန်း-၀၉-၉၉၇၂၂၉၃၊ ၀၁-၇၃၀၁၁၂၃၅ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနယူးစ်ဝိခ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၄

ရင်ခုန်သံပြင်းရှခဲ့သည့် အကယ်ဒမီညမြင်ကွင်းအစုံစုံ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ (၂)၊ အမှတ်စဉ် (၆၃)ကို ယနေ့ဖြန့်ချိလိုက်သည်။

ဒေါက်တာနေဇင်လတ်၏ ဆင်ခြင်နိုင်စွမ်း၊ စင်ကာပူတက္ကသိုလ်နှင့် ပေါ်လီတက်ကနစ်များ ကျောင်းလခတိုးမြှင့်ကြောင်းကြေညာ၊ မြန်မာတွေပါတဲ့ သင်္ဘောကို ဆိုမာလီပင်လယ်ဓားပြများလက်ထဲက တောင်ကိုရီးယား ကွန်မန်ဒိုတွေက ကယ်တင်၊ အာဖဂန်နစ္စတန်တွင် အမေရိကန်ရေတပ်မှ ၂၀၁၁ ခုနှစ်တွင် ပထမဆုံး ကျဆုံးခဲ့သည့် ရေတပ်သားသည် မြန်မာနိုင်ငံတွင် မွေးဖွားသူဖြစ်၊ မလေးရှားပြည်ဝင်ခွင့် ဗီဇာအတုပြုလုပ်သည့် အေဂျင်စီ ၁၂ ခုကို သက်ဆိုင်ရာမှ စစ်ဆေးပြီ၊ တရုတ်နယ်စပ် လိုင်ဇာမြို့တွင် ဖားကန့်သို့သွားမည့် ကားများ ခေတ္တရပ်နားထား၊ GSM ဖုန်းများ နိုင်ငံတကာသို့ သယ်ဆောင် အသုံးပြုနိုင်တော့မည်၊ ကျပ်ငါးသိန်းတန် CDMA (800 MHz) ဖုန်းများကို MODEM ဖြင့် ကွန်ပျူတာ ချိတ်ဆက် အင်တာနက်အသုံးပြုနိုင်ပြီ၊ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်က နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း ၇၆ ခု ရောင်းချမည်၊ မြန်မာ-ဂျပန်နှစ်နိုင်ငံ ကားလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး၊ မြန်မာနိုင်ငံတွင် ကားများထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရောင်းချနေ၊ အီရန်နိုင်ငံက တစ်နှစ်အတွင်း စစ်တိုက်ရန် အသင့်ရှိမည်၊ ဟစ်ဇ်ဘိုလာဒိုးကျည်တဲလ်အဗစ်ကို ထိရန် စက္ကန့် ၉၀ သာလို၊ ပြင်သစ်တပ်ဖွဲ့များအား အာဖဂန်မှ မရုပ်သိမ်းလျှင် ပြင်သစ်ဓားစာခံများအား သတ်ပစ်မည်ဟု ဘင်လာဒင်က ဗီဒီယိုတိတ်မှ သတိပေးစသည့် နောက်ဆုံးရ ပြည်တွင်း၊ ပြည်ပသတင်းများနှင့် အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အင်ဂျင်နီယာနှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၄

GLORY သင်တန်းကျောင်းတွင် လူငယ်များ အနာဂတ်ဘဝ ခိုင်မာစေရန်အတွက် လက်တွေ့အသုံးချနိုင်သော အသက်မွေးဝမ်းကျောင်း အတတ်ပညာရပ်များ သင်ကြားနေပြီး ရွေးချယ်နိုင်သော သင်တန်းအမျိုးအစားများမှာ ဂဟေဆက်နှင့် ပိုက်ပြင် ပိုက်ဆက်သင်တန်းများ၊ တွင်ခုံသင်တန်း၊ အင်ဂျင်စက်ပြင်သင်တန်း၊ မော်တော်ကားဝါယာရိန်းသင်တန်း၊ မော်တာ၊ ဒိုင်နမို ၊ ထရန်စဖော်မာကွိုင်ပတ်ခြင်း သင်တန်း၊ စက်ရုံအလုပ်ရုံဝါယာရိန်းသင်တန်း၊ Electrical Control သင်တန်း၊ အဲယားကွန်း၊ ရေခဲသေတ္တာ ကျွမ်းကျင်သင်တန်း၊ TV, DVD, EVD စက်ပြင်သင်တန်း၊ အသုံးချအီလက်ထရွန်နစ်သင်တန်း၊ Marine Electrical and Fitter သင်တန်းနှင့် PIC, CNC, PLC အဆင့်မြင့် အင်ဂျင်နီယာသင်တန်းများ အစရှိသည်တို့ ဖြစ်သည်။

သင်တန်းအများစုမှာ သင်တန်းကာလ တစ်လမှ သုံးလအထိ ကြာမြင့်နိုင်ပြီး အင်ဂျင်နီယာအတတ်ပညာရပ်များကို Practical Skill အတွက် ဦးတည်သင်ကြားခြင်းဖြစ်သည်။ သင်တန်းအားလုံးတွင်စာတွေ့ ၅၀ ရာခိုင်နှုန်း၊ လက်တွေ့ ၅၀ ရာခိုင်နှုန်း အချိုးညီညီ သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းအချို့အတွက် သီးသန့် Workshop ထားရှိကာ လက်တွေ့သင်ခန်းစာများကို သင်ကြားပေးသည်။သင်တန်းအောင်မြင်ပြီးမြောက်ပါက ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများတွင် ဝင်ရောက်လုပ်ကိုင်နိုင်သကဲ့သို့ အတတ်ပညာဖြင့် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်မည်ဖြစ်သည်။

ထို့အပြင် GLORY သည် City & Guilds (UK) ၏ Approved Training Centre အဖြစ်ရယူပြီး Engineering Diploma နှင့် Advanced Diploma သင်တန်းများကိုလည်း ဖွင့်လှစ်နေသည်။သင်တန်း အမျိုးအစား ၁၅ မျိုးထဲမှ မိမိနှစ်သက်ရာ Major ကို ရွေးချယ်တက်ရောက်နိုင်သည်။ အဆိုပါ သင်တန်းများကို GLORY တွင် တက်ရောက်ပြီး ပြည်ပ စာမေးပွဲဖြေဆိုအောင်မြင်ပါက NQF Level (2) မှ (5) အထိအဆင့်ရှိ အောင်လက်မှတ်များကို City and Guilds (UK) မှ ချီးမြှင့်သည်။ GLORY မှ သင်တန်းအောင်မြင် ပြီးမြောက်သွားသော သင်တန်းသားများအတွက် ပြည်ပတွင် ကျောင်းဆက်တက်လိုသူများအား ကူညီပေးခြင်း၊ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များအတွက် ကူညီပေးခြင်းတို့ကို အခမဲ့ ဝန်ဆောင်မှုပေးသည်။

တန်းခွဲသစ်များကို ဖေဖော်ဝါရီလဆန်းတွင် ဖွင့်လှစ်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများသည် အမှတ်(၁၂၅/B)ပထမထပ် (၃၈)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၃၇၃၄၃၁နှင့် ၀၁-၇၃၁၂၁၇၁၇၊ Website: www.glory-education.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)



မရမ်းကုန်းမြို့နယ် အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း၌ ဇန်နဝါရီ ၈ ရက်က ကျင်းပသည့် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သတ္တမတန်း၌ ပထမရရှိသော မအေးရတနာဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြသိန်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁-၂၀၁၁ (အင်္ဂါနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ကုသိုလ်ဖြစ်အောင်နေ" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၄၄)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၁၁)**
၈း၄၀	မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်လှုပ်ရှားမှုများ
၉း၁၅	Activities in The City [တိမ်မွေးကုတက္ကသိုလ် (ရန်ကုန်-ရေဆင်း)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ]
၉း၂၀	လမ်းကလေးပေါ်မှာ စည်းချက်ညီညီမောင်းကြစို့
၉း၃၅	Cartoon Show Time (ALPHA AND OMEGA)
၁၀း၁၅	Activities in The City (SILKPRO SHAMPOO & SILKBATH မိတ်ဆက်ပွဲအခမ်းအနားနှင့်အထူးဈေးရောင်းပွဲတော်)
၁၀း၃၀	Celebrity Style (မယ်လိုဒီ)
၁၁း၀၀	International Show Biz
၁၁း၂၅	သင်ကြားရေးလမ်းညွှန် (M.C.T.S Myanmar Computer Training School)
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	လှိုင်မြို့နယ်အမှတ်(၅)ရပ်ကွက် မြကန်သာမိသားစု၏စာရေးတံမဲပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်
၁၂း၂၅	ရန်ကုန်မြင်ကွင်းကျယ် (Nay Brothers Group of Companies ၏နှစ်ပတ်လည် ဂုဏ်ပြုညစာစားပွဲ)
၁၂း၄၀	သဒ္ဓါကြည်ဖြူကုသိုလ်ယူ ကျိုက်ထိုမဟာစည်ကျောင်းအလှူ
၁း၀၀	"ကုသိုလ်ဖြစ်အောင်နေ" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	နဝမအကြိမ်မြောက် မြန်မာ ICT ရက်သတ္တပတ်ပွဲတော် 2011
၃း၀၀	ပုသိမ်မြို့မှ ခေါင်းလောင်းသံ
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၄၄)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၁၁)**
၄း၄၅	အလှအပနှင့်ဘဝအောင်မြင်မှု (အပိုင်း-၁) (ပါမောက္ခဒေါက်တာချစ်စိုး၊ ဦးကိုကိုထွေး၊ ပန်းချီဝင်းဖေမြင့်၊ တင်မိုးလွင်)
၅း၀၀	The Champion of Dance
၅း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	လပြည့်ဝန်းသို့. . . တမ်းချင်းည
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၄၅)**
၇း၁၅	Celebrity Choice (မိုးအောင်ရင်)
၇း၄၀	ကိုယ်ပိုင်ဟန်ဖက်ရှင် (ဖုန်းအလှဆင်ခြင်း)
၈း၀၀	MRTV-4 သတင်း
၈း၃၀	အနုပညာမိုးကောင်းကင်
၈း၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၁၂)**
၁၀း၁၀	ဖန်တီးသူနှင့်အနုပညာ (ချမ်းချမ်း) (အပိုင်း-၁)
၁၀း၄၅	ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ သူ့ဘဝနှင့် သူ့လက်ရာ
၁၁း၁၀	စာအုပ်ပြခန်း (Teenager Magazine တာဝန်ခံ အယ်ဒီတာလင်းသက်ခိုင်နှင့် တွေ့ဆုံမေးမြန်းခြင်း)
၁၁း၂၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (စိတ်အပန်းဖြေစရာ အလှမွေးငါးကမ္ဘာ)
၁၁း၃၅	World of Knowledge (Mega Fish)
၁၂း၂၅	ဂီတစာဆိုဆရာမျိုးမြင့်ဆွေ၏ တေးသီချင်းကဏ္ဍ (အပိုင်း-၁)
၁၂း၅၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ကချင်တိုင်းရင်းသားရိုးရာဖက်ရှင်)
၁း၂၀	စိတ်ဝင်စားစရာမုန့်လုပ်နည်းပညာ Myanmar Baking Training Centre မှာ. . .
၁း၄၀	တိရစ္ဆာန်လေးတွေမွေးကြမယ် (Dog City)
၁း၅၅	Say It In English
၂း၁၀	လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၁)
၂း၄၀	ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
၂း၅၀	နည်းပညာအစွမ်းထက် Solar Hut
၃း၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၀	ကြည်ညိုဖူးမြော် ပုပ္ပားတောင်ကလပ်စေတီတော်
၄း၂၀	ရင်သွေးငယ်များကြည့်ရှုစရာ Cartoon Animation ပုံပြင်စာအုပ်မှာ
၄း၅၀	သံတွဲမြို့မှ အံ့ဖွယ်ထူးခြားသုံးဆူဘုရား
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၅၄	Blackpool- Man U	ESPN (Live)
၂း၀၀	Wigan - Aston Villa	STAR SPORTS(Live)

☆ **ရွှေဖုံးမှ**
မြစ်ကြီးနားမြို့၏ မြောက်ဘက် ၂၅ မိုင်ခန့်အကွာ မေခ-မလိခမြစ်ဆုံ အောက် တန်ဖဲကျေးရွာအနီးရှိ မြစ်ဆုံ ရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိသည်။

ထို့နောက် မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်း၏ အုပ်ချုပ်ရေးဌာန ရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက ကချင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လျှပ်စစ်စီမံကိန်းများ၊ မြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရခြင်းရည်ရွယ်ချက်၊ စီမံကိန်းဖြစ်ပေါ်လာပုံ၊ စီမံကိန်း စတင်ဆောင်ရွက်ခြင်းနှင့် စီမံကိန်းဆိုင်ရာအချက်အလက်များကို ပဏာမရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်က မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်း၏ ကွန်ကရစ်မျက်နှာပြင် ကျောက်ဖြည့်တမံနှင့် ဆက်နွယ်ရေအားလျှပ်စစ် အဆောက်အအုံများ တည်ဆောက်မည့်နေရာ ရွေးချယ်ထားမှု၊ အဆင့်သုံးဆင့်ဖြင့် မြစ်ရေလွှဲမည့်အစီအစဉ်နှင့် ကာလလျာထားသတ်မှတ်ချက်များ၊ ရေပိုလွှဲနှင့် ဓာတ်အားပေးစက်ရုံတည်ဆောက်မည့် အခြေအနေ၊ နိုင်ငံတကာ၌ တည်ဆောက်ထားသော ကွန်ကရစ်မျက်နှာပြင် ကျောက်ဖြည့်တမံများ၏ အမြင့်နှင့် စက်တပ်ဆင်အား နှိုင်းယှဉ်လေ့လာချက်၊ မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်း ဧရာဝတီမြစ်ကူးတံတား တည်ဆောက်မည့် အခြေအနေနှင့် ရေဝပ်ဧရိယာမှ ကျေးရွာများကို အောင်မြင်သာစံပြကျေးရွာသို့ စနစ်တကျပြောင်းရွှေ့နေရာချထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ China Power Investment Corporation, Vice President Madam Zhang Xiaolu က မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို အဆင့်မြင့်နည်းပညာများ အသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် China Power Investment Corporation, General Manager Mr. Li Guanghua က ကချင်ပြည်နယ်အတွင်း ရေအားလျှပ်စစ်စီမံကိန်းများ၌ ရင်းနှီးမြှုပ်နှံမှု အခြေအနေ၊ ချီဖွေရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေ၊ မြစ်ဆုံ- ဗန်းမော်-ရန်ကုန် ရေလမ်းကြောင်းခရီးဖြင့် သယ်ယူပို့ဆောင်မည့် အခြေအနေ၊ ငလျင်တိုင်းတာရေးစက်များ တည်ဆောက်မှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေနှင့် ရေဝပ်ဧရိယာမှ ကျေးရွာများ ပြန်လည်နေရာချထားရာ၌ ပံ့ပိုးကူညီပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မိုးမောက်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အသေးစိတ် သိရှိလိုသည်များကို မေးမြန်းရာ ဝန်ကြီး ဦးဇော်မင်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးမှာကြားရာ၌ ဤမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းသာမက ကချင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများ အားလုံးတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်သည့် တစ်ချိန်တည်းမှာပင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ထိထိရောက်ရောက် စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

စီမံကိန်းလုပ်ငန်းများ စတင်အခြေခံတည်ဆောက်သည့် ကာလမှစတင်၍ လုပ်ငန်းကဏ္ဍအသီးသီးကို စံချိန်စံညွှန်းပြည့်မီစွာဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်စနိုင်ငံတစ်ခုဖြစ်ပြီး ယခုအခါ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံနှင့်အဝန်း အလားတူ ရေအားလျှပ်စစ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိနေသေးကြောင်း၊ ထို့ကြောင့် နည်းပညာရပ်များပါဝင်သည့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဆောက်အအုံ၊ စက်ပစ္စည်းစသည့် ရုပ်ဝတ္ထုပစ္စည်းများသာမက အဆင့်မြင့်နည်းပညာရပ်များကိုပါ လွှဲပြောင်းရရှိရေး အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နောင်တွင် မိမိတို့၏ ပြည်တွင်းစက်မှုထုတ်ကုန်များ၊ နိုင်ငံသားအတတ်ပညာရှင်၊ နိုင်ငံသားကျွမ်းကျင်လုပ်သားဝန်ထမ်းများဖြင့် အလားတူ စီမံကိန်းကြီးများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ရည်မှန်းကြိုးစားသွားရမည်ဖြစ်ကြောင်း။

စီမံကိန်းဒေသအတွင်း စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသည့်ကျေးရွာများ ရွှေ့ပြောင်းတည်ထောင်ပေးရာတွင် ရေ၊ မီး၊ အဆောက်အအုံ၊ ဘာသာရေးအဆောက်အအုံစသည်တို့ကို ပြည့်ပြည့်စုံစုံ ဆောင်ရွက်ပေးထားသည့်အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ ရေရှည်အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများအတွက် ဂရုတစိုက် စဉ်းစားဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်း၊ ဤဒေသသည် နှစ်ရှည်သီးနှံ ဥပမာ-ကျွန်း၊ ရော်ဘာ၊ လိမ္မော်၊ သရက်၊ ဂရိတ်ဖရုကဲ့သို့သော နှစ်ရှည်ပင်များ စိုက်ပျိုးဖြစ်ထွန်းနိုင်သောဒေသဖြစ်၍ သားစဉ်မြေးဆက် စားဝတ်နေရေး ဖူလုံနိုင်သည်အထိ မိမိတို့က အခြေအနေကောင်းများ ဖန်တီးပေးခဲ့ရမည် ဖြစ်ကြောင်း။

ယခုစီမံကိန်းဧရိယာအတွင်းရှိ ဒေသခံတိုင်းရင်းသားများအနေဖြင့် ယခင်က ဖြစ်သလိုနေထိုင်ကြရသည့် ဘဝမှ ယခုအခါ အုတ်ခံ၊ သွပ်မိုး၊ ပျဉ်ထောင်၊ ခြံစည်းရိုး၊ ကွန်ကရစ်လမ်း၊ ရေ၊ မီး အပြည့်အစုံဖြင့် တင့်တောင့်တင့်တယ် နေထိုင်နိုင်သည့်ဘဝသို့ ပြောင်းလဲနေထိုင်ကြရပြီဖြစ်ကြောင်း။

ထို့ကြောင့် ဒေသခံပြည်သူများက စီမံကိန်းကြီး၏ ကောင်းကျိုးသက်ရောက်မှုများအပေါ် ပိုမိုယုံကြည် အားထားလာကြသကဲ့သို့ စီမံကိန်းကြီးကို တာဝန်ယူအကောင်အထည်ဖော်နေကြသည့် ပုဂ္ဂိုလ်များ၊ ဝန်ထမ်းများအနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံ၍ လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ရေရှည်အကျိုးစီးပွား

ဤမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြီး ပြီးစီးသွားပါက ဤဒေသဖွံ့ဖြိုးတိုးတက်မှုမှသည် ကချင်ပြည်နယ် အတွက်ရော ပြည်ထောင်စုကြီးအတွက်ပါ ရေရှည် အကျိုးစီးပွား များစွာဖြစ်ထွန်းလာစေမည်ဖြစ်ကြောင်းဖြင့် အသေးစိတ် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် China Power Investment Corporation, Vice President Madam Zhang Xiaolu နှင့် General Manager Mr. Li Guanghua တို့အား သစ်သီးခြင်းလက်ဆောင်ကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်အနီး ရှုရပ်မှနေ၍ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာ၊ ပင်မတမံ တည်ဆောက်မည့်နေရာနှင့် ဧရာဝတီမြစ်ကြောင်း ရေစီးဆင်းမှုအခြေအနေတို့ကိုကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝန်ကြီးများ၊ မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်းမှ တာဝန်ရှိသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ဧရာဝတီမြစ်ကူးတံတား တည်ဆောက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရှုရပ်မှနေ၍ မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်း ဧရာဝတီမြစ်ကူး တံတားပုံစံ၊ လုပ်ငန်းခွင်ဧရိယာပြမြေပုံနှင့် တံတားရေလယ်တိုင်များ တည်ဆောက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၏ ရေဝပ်ဧရိယာအတွင်းမှ ကျေးရွာများကို စနစ်တကျ ရွှေ့ပြောင်းနေရာချပေးထားသည့် အောင်မြင်သာစံပြကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာမှ မိသားစုဝင်များအား ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်မှုအခြေအနေတို့ကို မေးမြန်းကာ ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အောင်မြင်သာစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိပြီး ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ပညာသင်ကြားရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေ၊ အခြေခံပညာအထက်တန်းကျောင်းသား၊ ကျောင်းသူများအား စခန်းသွင်း လေ့ကျင့်သင်ကြားနေမှု အခြေအနေတို့ကို မေးမြန်းမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်မြင်သာ စံပြကျေးရွာအတွင်း နေအိမ်များ၊ လမ်းများ စနစ်တကျ အကွက်ချ တည်ဆောက်ပြီးစီးမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်မြင်သာစံပြကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

စီမံကိန်းကြီး

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည် မေခ-မလိခ မြစ်ဆုံ၏ အောက်ဘက် ၄ ဒသမ ၃ မိုင်ခန့်အကွာ တန်ဖဲကျေးရွာအနီး ဧရာဝတီမြစ်ပေါ်၌ တည်ရှိပြီး ဧရာဝတီမြစ်ကို တမံပိတ်၍ ရေအားလျှပ်စစ် ထုတ်လုပ်မည့် စီမံကိန်းကြီး တစ်ခုဖြစ်သည်။ ကွန်ကရစ်ကျောက်ဖြည့်တမံ (CFRD) အမျိုးအစားဖြစ်ပြီး တမံအလျား ၄၂၉၈ ပေ၊ တမံအမြင့် ၄၅၈ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၉၇ ဒသမ ၈၈ သိန်း ဧကပေ၊ တပ်ဆင်စက်အင်အား (၈×၇၅၀ မဂ္ဂါဝပ်) = (၆၀၀၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်သည့် ဓာတ်အား ၂၉၄၀၀ သန်း ကီလိုဝပ်နာရီဖြစ်သည်။

မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CPI Yunnan International Power Investment Co., Ltd. တို့က ပူးပေါင်း၍ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းကာလ ကိုးနှစ်ကျော်ခန့် ကြာမြင့်မည်ဖြစ်သည်။ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၈ ဒသမ ၅ ရာခိုင်နှုန်းပြီးစီးကာ ၂၀၁၉ ခုနှစ်တွင် စီမံကိန်းတစ်ခုလုံး ရာခိုင်နှုန်းပြည့်ပြီးစီးမည်ဖြစ်သည်။

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၏ တမံသည် ကမ္ဘာ့ဆဋ္ဌမအမြင့်ဆုံး ကွန်ကရစ်ကျောက်ဖြည့်တမံ (CFRD) အမျိုးအစားဖြစ်ပြီး တပ်ဆင်စက်အင်အား တစ်လုံးလျှင် ၇၅၀ မဂ္ဂါဝပ်ရှိသဖြင့် စက်တစ်လုံးချင်းအနေဖြင့် အကြီးဆုံး စက်တပ်ဆင်အားဖြစ်သည်။ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း အထောက်အကူပြု မြစ်ဆုံဧရာဝတီ မြစ်ကူးတံတားကိုပါ တစ်ပါတည်း တည်ဆောက်ခြင်းဖြင့် ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကိုပါ အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉ နာရီခွဲတွင် ဗန်းမော်မြို့သို့ ရောက်ရှိပြီး ဗန်းမော်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် တာပိန်(၁)ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာပိန်(၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မိုးမောက်မြို့သို့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှေးဦးစွာ မိုးမောက်မြို့တွင်း အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မိုးမောက်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆရာဝန်နှင့် သူနာပြုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဆေးရုံအတွင်း ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊



အောင်မြင်သာ စံပြကျေးရွာ အခြေ
တွေ့ရစဉ်။



မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ဧရာဝတီမြစ်ကူးတံတားပုံစံကို တွေ့ရစဉ်။ (သတင်းစဉ်)

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၏ တမံသည် ကမ္ဘာ့ဆဋ္ဌမအမြင့်ဆုံး ကွန်ကရစ်ကျောက်ဖြည့်တမံ (CFRD) အမျိုးအစားဖြစ်ပြီး တပ်ဆင်စက်အင်အား တစ်လုံးလျှင် ၇၅၀ မဂ္ဂါဝပ်ရှိသဖြင့် စက်တစ်လုံးချင်းအနေဖြင့် အကြီးဆုံး စက်တပ်ဆင်အားဖြစ်သည်။ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း အထောက်အကူပြု မြစ်ဆုံရေဝတီ မြစ်ကူးတံတားကိုပါ တစ်ပါတည်း တည်ဆောက်ခြင်းဖြင့် ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကိုပါ အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉ နာရီခွဲတွင် ဗန်းမော်မြို့သို့ ရောက်ရှိပြီး ဗန်းမော်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် တာပိန်(၁)ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာပိန်(၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မိုးမောက်မြို့သို့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှေးဦးစွာ မိုးမောက်မြို့တွင်း အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မိုးမောက်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆရာဝန်နှင့် သူနာပြုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဆေးရုံအတွင်း ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မိုးမောက်မြို့ ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သားဖွားလူနာဆောင်၊ သားဖွားခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မိုးမောက်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ မိုးမောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက နယ်မြေဒေသအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ဒေသ၏လိုအပ်ချက်များနှင့် စပ်လျဉ်း၍ တင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသောလိုအပ်ချက်များ ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင် နိုင်ငံတစ်ဝန်း အခြေခံအဆောက်အအုံ အများအပြားကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ အလားတူ လျှပ်စစ်ဓာတ်အား အပါအဝင် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် မိမိတို့တပ်မတော်အစိုးရ စတင်တာဝန်ယူစဉ်ကပင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုအခါ ကချင်ပြည်နယ်အတွင်း ကြိုးပမ်းဆောင်ရွက်မှု၏ ရလဒ်အသီးအပွင့်တစ်ခုဖြစ်သော တာပိန်(၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍ ဗန်းမော်၊ မိုးမောက်၊ မန်စီ၊ ရွှေကူမြို့များတွင် လျှပ်စစ်မီး အလုံအလောက်ရရှိနေပြီ ဖြစ်ကြောင်း။

ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ရာတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှု

* ဤမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းသာမက ကချင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ် စီမံကိန်းများအားလုံးတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်သည့် တစ်ချိန်တည်းမှာပင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ထိထိရောက်ရောက် စီမံဆောင်ရွက်သွားရန်လိုအပ်။
* စီမံကိန်းလုပ်ငန်းများ စတင်အခြေခံ တည်ဆောက်သည့် ကာလမှ စတင်၍ လုပ်ငန်းကဏ္ဍအသီးသီးကို စံချိန်စံညွှန်း ပြည့်မီစွာဖြင့် ဆောင်ရွက်။

များပြားခြင်း၊ အချိန်ကာလ ကြာမြင့်ခြင်း၊ စီမံကိန်းပမာဏ ကြီးမားသည်နှင့်အမျှ ကျွမ်းကျင်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ အများအပြား လိုအပ်ခြင်း စသည်တို့ကြောင့် အချိန်ကာလတစ်ရပ်အထိ စောင့်ဆိုင်းဆောင်ရွက်ခဲ့ရကြောင်း။

လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ ရရှိရေး၊ အဆင့်မြင့်တက္ကသိုလ်ပညာရပ်များကို သင်ကြားနိုင်ရေးတို့အတွက် အထူးဖွံ့ဖြိုးရေးဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဗန်းမော်ခရိုင်အတွင်း ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့ကို ဖွင့်လှစ်တည်ဆောက်ပေးထားပြီးဖြစ်၍ အဆင့်မြင့်ပညာရပ်များ သင်ကြားတတ်မြောက်သည်အထိ မိမိတို့၏ သားသမီးများအား ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန် လိုအပ်ကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်များကို စာပေပညာရပ်များတတ်မြောက်ရေး၊ ကျောင်းစည်းကမ်းများ လိုက်နာရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ထက်သန်ရေးတို့အတွက် လေ့ကျင့်ပျိုးထောင်ပေးရမည် ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ကျန်းမာကြံ့ခိုင်သော နိုင်ငံသားများ ဖြစ်ပေါ်လာစေရေးအတွက် ပြည်သူများ၏ ကိုယ်ပိုင်ကျန်းမာရေးအသိပညာမြင့်မားလာစေရေးနှင့် ကုသရေးဟူ၍ (၂)ပိုင်းခွဲဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ပြည်သူများ၏ကျန်းမာရေးအသိပညာ မြင့်မားလာစေရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများ၊ ရောဂါကာကွယ်နည်းများကို ရပ်ကွက်ကျေးရွာအဆင့်အထိဆင်းပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုအခါ မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို တည်ငြိမ်အေးချမ်းစွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဂုဏ်သိက္ခာရှိခဲ့ကြောင်း၊ မကြာမီ ကျင်းပတော့မည့် လွှတ်တော်အသီးသီးမှ ပေါ်ပေါက်လာမည့် အစိုးရအဖွဲ့သည် နိုင်ငံတော်အုပ်ချုပ်ရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ကြတော့မည်ဖြစ်ကြောင်း။

မည်သည့်အစိုးရ အုပ်ချုပ်သည်ဖြစ်စေ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ထာဝစဉ်မှန်ကန်နေမည့် ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုးမောက်မြို့မှ ရဟတ်ယာဉ်များဖြင့် ဗန်းမော်မြို့သို့ ရောက်ရှိပြီး ဗန်းမော်မြို့မှ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)



အောင်မြင်သာ စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို တွေ့ရစဉ်။ (သတင်းစဉ်)



မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၏ ရေဝပ်ဧရိယာအတွင်းမှ ကျေးရွာများကို စနစ်တကျ ရွှေ့ပြောင်းနေရာချပေးထားသည့် အောင်မြင်သာ စံပြကျေးရွာကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၁-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
၇း၅၀	၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။ အကပြိုင်ပွဲ
၈း၁၅	၇။ နှောင်းခေတ်တေးပဒေသာ
၈း၂၅	၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၃၀	၉။ တေးဂီတအစီအစဉ်
၈း၄၀	၁၀။ International News
၈း၄၅	၁၁။ Local Talent
၉း၀၀	၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ တေးဂီတအစီအစဉ်
၄း၂၀	၃။ အတီးပြိုင်ပွဲ
၄း၃၀	၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (အရှေ့တိုင်းပညာအထူးပြု) (အရှေ့တိုင်းပညာ)
၄း၄၅	၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅	၆။ "စက်မှုတပ်ဆင်လုပ်ငန်းတွင်"
၅း၀၅	၇။ ကြေးမုံရုပ်သွင်တေးနုယဉ်
၅း၁၅	၈။ ရင်မှာစွဲထင်တေးအလှသံစဉ်
၅း၃၀	၉။ "ကြယ်စင်ဥယျာဉ်"
၆း၀၀	၁၀။ ညနေခင်းသတင်း
၆း၁၅	၁၁။ မိုးလေဝသအခြေအနေ
၆း၂၀	၁၂။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၅	၁၃။ ဆိုလိုက်ကြစို့
၇း၀၀	၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၄)**
၈း၀၀	၁၅။ ပြည်တွင်းသတင်း
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ ရယ်စရာဟာသများ
	၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်"(ပထမပိုင်း) (အပိုင်း-၂၇)**
	၂၀။ "ရုပ်ရှင်ပဟေဠိ"
	၂၁။ အစီအစဉ်ပြီး၏။

✳ ကျောဖုံးမှ

ကြယ်များသက်တမ်းကုန်ဆုံးချုပ်ငြိမ်းချိန်တွင် ပေါက်ကွဲအဆုံးသတ်ကြရသည်မှာ ဓမ္မတာဖြစ်ကြောင်း၊ သို့ရာတွင် မည်သည့်အချိန်၌ ဖြစ်ပွားမည်ဆိုသည်ကိုမူ မည်သူမျှ မသိနိုင်ကြောင်း နယူးဂျာဆီ နည်းပညာအင်စတီကျူမှ ပါမောက္ခ ဖိလစ်အာရ်ဂူးဒီက ဖောက်စ်နယူးစ်သို့ ပြောကြားသည်။

ဒစ္စကာဗာရီ နယူးစ်အတွက် ရေးသားလျက်ရှိသည့် နက္ခတ်ပညာရှင်တစ်ဦးဖြစ်သူ ဖီလ်ပလိတ်ကမူ ဘီးတဲလ်ဂျူးစ် ကြယ်နီကြီး စွမ်းအင်များထုတ်လွှတ်ပေါက်ကွဲမည်ဆိုသည်ကို လက်ခံသဘောတူသည်။ သို့ရာတွင် အလွန်ဝေးကွာလှသော စကြဝဠာအတွင်း၌ ဖြစ်ပွားခြင်းဖြစ်၍ လူသားများကို ထိခိုက်နိုင်မည်မဟုတ်ဟု ရှင်းပြသည်။

ဆူပါနိုဗာခေါ် ကြယ်များချုပ်ငြိမ်းပေါက်ကွဲမှု ဖြစ်စဉ်မှ ထွက်ပေါ်လာမည့် အလင်းနှင့် အခြားအရာများသည် ကမ္ဘာမြေနှင့် အလင်းနှစ် ၂၅ နှစ် အကွာအဝေးတွင် ဖြစ်ပွားမှသာ ကမ္ဘာမြေပြင်နှင့် လူသားများကို အန္တရာယ် ကျရောက်နိုင်ကြောင်း၊ ဘီးတဲလ်ဂျူးစ်ကြယ်ကြီးမှာ အလင်းနှစ် ၆၄၀ ကွာဝေးသည့်အတွက် ထိခိုက်နိုင်သည့် အကွာအဝေးထက် ၂၅ ဆခန့် ပိုမိုဝေးကွာကြောင်း ဖီလ်ပလိတ်က ရှင်းလင်းပြောကြားသည်။

ဩစတြေးလျ သတင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်သော News.com.au တွင် နေမင်းထက် အဆပေါင်းကုဋေနှင့်ချီ၍ ထွန်းလင်းတောက်ပသော မဟာပေါက်ကွဲမှုကြီး ဖြစ်အံ့ဆဲဆဲ အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ အဆိုပါ ပေါက်ကွဲမှုကို ကမ္ဘာမြေမှ တွေ့မြင်ကြရမည်ဖြစ်သော်လည်း ဒုတိယ မြောက် နေတစ်စင်း ထွက်လာသလောက်တော့ တောက်ပလိမ့်မည်မဟုတ်ကြောင်း ရေးသားဖော်ပြထားသည်။

အကယ်၍ ဘီးတဲလ်ဂျူးစ်ကြယ်ကြီး ပေါက်ကွဲပါက ကမ္ဘာမြေမှ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း ပါမောက္ခ ဖီးလစ် အာရ်ဂူးဒီက အတည်ပြုသည်။

"လပြည့်ညမှာ လသာသလောက် တောက်ပလိမ့်မယ်လို့တော့ အကြမ်းဖျင်းပြောလို့ရတယ်။ တဖြည်းဖြည်းနဲ့ မှိန်လာပြီး လအနည်းငယ်အကြာလောက်မှာ ပျောက်ကွယ်သွားလိမ့်မယ်" ဟု ၎င်းက ဖောက်စ်နယူးစ်သို့ ပြောကြားသည်။ ဤကဲ့သို့သော ဖြစ်ရပ်များကို လူ့သမိုင်းကြောင်း တစ်လျှောက်တွင် ကြုံခဲ့ဖူးပြီးဖြစ်ကြောင်းလည်း ၎င်းက ထည့်သွင်းပြောကြားသည်။

၂၀၁၂ ခုနှစ်အတွင်း ဘီးတဲလ်ဂျူးစ်ကြယ်ကြီးပေါက်ကွဲမည် ဆိုသည့်အချက်နှင့် စပ်လျဉ်း၍မူ အထောက်အထား မရှိကြောင်း ဖီလ်ပလိတ်က ထပ်မံပြောကြားသည်။

"ကြယ်တစ်စင်း ပေါက်ကွဲမယ်ဆိုတာနဲ့ ပတ်သက်လို့ ပြင်ပစကြဝဠာမှာနေတဲ့ လူတွေအနေနဲ့ သိဖို့ခက်ခဲလှပါတယ်။ ဘီးတဲလ်ဂျူးစ်ဟာ ဒီညပဲ ပေါက်ကွဲနိုင်သလို နောက်နှစ်တစ်သိန်းကြာတဲ့အထိ ဖြစ်ချင်မှလည်း ဖြစ်မှာပေါ့၊ မသေချာပါဘူး" ဟု ပလိတ်က ရှင်းလင်းပြောပြသည်။ ***အင်တာနက်။***

အလယ်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းစတင်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၄

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁) တည်ဆောက်ရေးက တာဝန်ယူအကောင်အထည်ဖော်တည်ဆောက်မည့် အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းစတင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မည့်နေရာ၌ ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်တို့က လုပ်ငန်းစတင်ခြင်းအခမ်းအနား အထိမ်းအမှတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက အလယ်ပေါင်းလောင်း ရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်းစတင်ဆောင်ရွက်နိုင်ရန် အတွက် စက်ယန္တရားများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် လျှာထားတမံ ယာဘက်ကမ်းစီမံကိန်း လုပ်ငန်းခွင်၌ ရေယူဥမင်လိုဏ်ဖောက်လုပ်မည့်နေရာ၊ လျှာထားတမံတည်ဆောက်မည့်နေရာနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယခုစတင် အကောင်အထည်ဖော် ဆောင်ရွက်မည့် အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသည် နေပြည်တော် ခရိုင် ပျဉ်းမနားမြို့နယ်၏ အရှေ့မြောက်ဘက် မိုင် ၂၀ ခန့်အကွာ ရမည်းသင်း-တောင်ကြီး ခရိုင်ချင်းဆက်လမ်းပေါ်ရှိ ပေါင်းလောင်းမြစ်ကူးတံတား၏ အထက်ဘက်နှစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ ယင်းစီမံကိန်း၏ တမံအမျိုးအစားမှာ ကွန်ကရစ်တမံအမျိုးအစားနှင့် တမံအမြင့်မှာ ၂၇၂ ပေရှိမည်ဖြစ်ပြီး စက်တပ်ဆင်အင်အားမှာ မဂ္ဂါဝပ် ၁၀၀ ဖြစ်ကာ နှစ်စဉ်ပျမ်းမျှဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း သန်း ၅၀၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းစတင်ဆောင်ရွက်နိုင်ရန်အတွက် စက်ယန္တရားများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ITF 14&Under Asian Championships 2011 Group(2) တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဦးဇော်ဇော်၊ ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ITF ၏ကိုယ်စားလှယ် Mr. Suresh Menon၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင် များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်အသင်းများဖြစ်ကြသော ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ဘူတန်၊ မော်လ်ဒိုက်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ဗီယက်နမ်၊ မွန်ဂိုလီးယား၊ လာအို၊စင်ကာပူ၊ West Asian ITF Team နှင့်အိမ်ရှင်မြန်မာတို့က နေရာယူကြကာ ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး ITF ၏ ကိုယ်စားလှယ် Mr. Suresh Menon က ပြိုင်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ နာယက ဦးဇော်ဇော်နှင့် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းတို့က ITF 14 & Under Asian Championships 2011 Group(2) တင်းနစ်ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ဝဲပုံ)**

ထို့နောက် ပထမနေ့သတ်မှတ်ထားသော အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ပွဲစဉ်များကိုစတင် ကျင်းပသည်။

ပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် ယင်းတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်ထိုမြို့နယ်၌ ဒေါင်ဖန်းလယ်ထွန်စက် သရုပ်ပြမောင်းနှင်မှု ကျင်းပ

ကျိုက်ထို ဇန်နဝါရီ ၂၄

ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် စက်မှုလယ်ယာဦးစီးဌာနက မြို့နယ်အတွင်း စက်မှုလယ်ယာကဏ္ဍ တိုးတက်အသုံးပြုရေး ဒေါင်ဖန်းလယ်ထွန်စက်သရုပ်ပြပွဲကို မြို့နယ်ကောင်စီရုံး၌ ဇန်နဝါရီ ၁၅ ရက် နံနက်က ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်စက်မှုလယ်ယာ ဦးစီးမှူး ဦးရားကိုင်ထန်က ဒေါင်ဖန်းလယ်ထွန်စက်၏ စွမ်းရည်နှင့်အရစ်ကျဝယ်ယူမှုဈေးနှုန်းများ၊မြို့နယ်စက်မှု လယ်ယာဦးစီးဌာနမှ စက်များကြံ့ခိုင်ရန် စစ်ဆေးပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေါင်ဖန်းလယ်ထွန်စက် အသုံးပြုမှုကို သရုပ်ပြမောင်းနှင်၍ ပြသခဲ့ပြီး တောင်သူများ ဆက်သွယ်ဝယ်ယူလိုပါက မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် ရောင်းချပေးနိုင်ရေးစီစဉ်ထားကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

မီးကြွင်းမီးကျန်မှ အိမ်မီးလောင်မှုဖြစ်ပွား

ဖျာပုံ ဇန်နဝါရီ ၂၄

ဖျာပုံမြို့နယ် (၁၄)ရပ်ကွက် အလင်းရောင်လမ်း အိမ်အမှတ်(၅၇)နေ ဦးထွန်းထွန်း(ဘ)ဦးလှ အသက်(၄၀)နှင့် ဇနီး ဒေါ်မြင့်မြင့်မော် (ဘ) ဦးသောင်းစိန် အသက်(၄၀)တို့၏ အိမ်မှ ညနေ ၅ နာရီ ၁၅ မိနစ်တွင် မီးဖို မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းရာ ဓနိမိုးထရံကာ သုံးပင်နှစ်ခန်းအိမ်တစ်လုံးလောင်ကျွမ်းပြီး ခြံချင်းကပ်လျက်ရှိ မဂျမ်း(ဘ) ဦးရွှေ အိမ်အမှတ်(၅၄)သွပ်မိုး၊ ပျဉ်ကာ၊ပျဉ်ခင်း သုံးပင်နှစ်ခန်းအိမ်တစ်ခြမ်းကိုပါ ကူးစက်လောင်ကျွမ်းရာ သန္ဓေမီးသတ်များ၊ အရန်မီးသတ်များနှင့် ရပ်ကွက်ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၅ နာရီခွဲခန့်တွင် မီးငြိမ်းသွားသည်။ ယင်းဖြစ်စဉ်တွင် အိမ်ပိုင်ရှင်အား မီးပေါ့ဆမှုဖြင့်အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ (၅၄၀)

ပုဂ္ဂန်တောင်မြို့နယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဘက်စုံပညာဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က အထက(၂) ပုဂ္ဂန်တောင်ကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်သန်းဌေး တိုင်းဒေသကြီးအဆင့်ကျောင်းကျန်းမာရေး စံပြကျောင်းဆုရ အမက (၆)ပုဂ္ဂန်တောင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မီးပွိုင့်တွင် မီးနီ၍ရပ်ထားသောယာဉ်လေးစီးကို တိုက်မိသည့်ယာဉ် မီးပွိုင့်ကိုကျော်၍ လျှပ်စစ်ကုမ္ပဏီအရောင်းပြခန်းထဲသို့ပါဝင်

ရန်ကုန် ဇန်နဝါရီ ၂၄

လုပ်ငန်းသုံး ကြို/ပို့ယာဉ်တစ်စီးက မီးပွိုင့်တွင် မီးနီ၍ရပ်ထားသော ယာဉ်လေးစီးကိုဆင့်၍တိုက်မိကာ အရှိန်မထိန်းနိုင်ဘဲ မီးပွိုင့်ကိုကျော်၍ ကုမ္ပဏီတစ်ခု၏ရုံးခန်းအတွင်း ဝင်ရောက်သွားခဲ့မှုကြောင့် လူအချို့ ဒဏ်ရာရရှိသွားမှုတစ်ခု ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်တွင် ယနေ့နံနက်ပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၇ နာရီခွဲအချိန်က ကမ္ဘာအေးစေတီလမ်းအတိုင်း မြောက်ဘက်မှတောင်ဘက်သို့ ကိုဇော်ဝင်းသိန်း (၃၅)နှစ် မောင်းနှင်လာသော အထည်ချုပ်လုပ်ငန်းကြို/ပို့ ဘီအမ်ဟီးနိုး(ယာဉ်အမှတ်-သ/၉၀၆၆)သည်ရွှေဂုံတိုင်မီးပွိုင့်အရောက်တွင် မီးနီ၍ ရပ်ထားသောယာဉ်များဖြစ်ကြသည့် (အ/----) ဆူပါဆလွန်း (အစိမ်းရောင်) ကိုယ်ပိုင်ယာဉ်၊(အ/----) ဆူပါဆလွန်း(အဖြူရောင်)ကိုယ်ပိုင်ယာဉ်၊ (ကက/----) ဆလွန်းအငှားယာဉ်နှင့် (ထ/----)(၁၀၇) ဟိုင်းလတ်ယာဉ်တို့ကို တိုက်မိကာ မီးပွိုင့်တစ်ဖက်ရှိ ဆူပါပါဝါလျှပ်စစ်ကုမ္ပဏီရုံးခန်းအတွင်းသို့ ဝင်သွားသည်။

ယာဉ်တိုက်မှုကြောင့် ကြို/ပို့ ဘီအမ်ယာဉ်နှင့် (၁၀၇) ဟိုင်းလတ်ယာဉ်တို့ပေါ်တွင် လိုက်ပါလာသောခရီးသည် စုစုပေါင်း ၁၀ ဦးဒဏ်ရာရရှိသွားသည်။

ယာဉ်မောင်းက ကားကိုထားပြီး ထွက်ပြေးသွားသဖြင့် ယာဉ်မှုစစ်တိုက်ပြေး ယာဉ်ဖမ်းဆီးရေးအဖွဲ့မှ ရဲအုပ်မျိုးခိုင်ဦးနှင့် အဖွဲ့က ရှာဖွေဖမ်းဆီးကာ (ပ)နံပါတ် ၆၆/၂၀၁၁၊ ပုဒ်မ-၃၃၈/၂၇၉/၂၀၂ ဖြင့် အမှုဖွင့်အရေး ယူထားသည်။ (ကြေးမုံ)

ကမ္ဘာအေးစေတီလမ်းအတိုင်း ရန်ကုန်မြို့တွင်းသို့ မောင်းနှင်လာသည့် ဘီအမ်ခရီးသည်တင်ကား အမှတ် သ/၉၀၆၆ မှ ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ ဗဟန်းမြို့နယ် ရွှေဂုံတိုင် မီးပွိုင့်ရှိ မော်တော်ယာဉ်အချို့အား တိုက်မိကာ အနီးရှိ Super-power မီးအလှဆင်ပစ္စည်း အရောင်းပြခန်းအတွင်း ဝင်ရောက်သွားသည်ကို တွေ့ရစဉ်။ (ကြေးမုံ)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော အေးသာယာမြို့ သပြေလမ်း Box Culvert ဆောင်ရွက်နေမှုလုပ်ငန်းအား ဇန်နဝါရီ ၂ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သန္တာကျော် ဆောင်ရွက်လျက်ရှိရာ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ အနီးကပ် ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံ့အရေးအလွယ်မတွေးစေချင်ပါနှင့် အခြားဆောင်းပါးများ ဆောင်းပါးပေါင်းချုပ်စာအုပ်ထွက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ "နိုင်ငံ့အရေးအလွယ်မတွေးစေချင်ပါနှင့် အခြားဆောင်းပါးများ" ဆောင်းပါးပေါင်းချုပ်စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ (ယာပုံ)

အဆိုပါစာအုပ်တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ၌ ဖော်ပြပြီး ဖြစ်သော ဗဟုသုတဖြစ်ဖွယ်၊ လေ့လာမှတ်သား သင်ခန်းစာယူဖွယ် ဆောင်းပါးများကို စုစည်းဖော်ပြထားသည်။

စာအုပ်တွင် မြန်မာ့လွတ်လပ်ရေးကို အသက်ပေါင်းများစွာ ပေးဆပ်ရယူခဲ့ရပုံ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မပြိုကွဲအောင် ကြိုးပမ်းခဲ့ရပုံ၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မပြတ်သော သတိအစဉ်ရှိစွာ ပြည်တွင်း၊ ပြည်ပ ရန်စွယ်ကို ကာကွယ်နှိမ်နင်းခဲ့ရပုံ များကို ဖော်ပြထားသည်။ ထို့ပြင် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ချီတက်ရာတွင် တိုင်းရင်းသားပြည်သူများသိရှိသင့်သည့် အချက်များ၊ မြန်မာ့သမိုင်းကို အခြေခံ မြန်မာ့မူဟန်ကိုဖော်ညွှန်း မော်ကွန်းထိုးရမည့် မြန်မာ့ဒီမိုကရေစီလမ်းကြောင်းပေါ် အရောက်လှမ်းခဲ့ရသည့် ကြိုးပမ်းမှုများ၊ ဘေးပြောတာကိုမယုံ သွေးပြောတာကိုသာယုံကြစေဖို့၊ ပြည်ပက မဟုတ်မမှန်လုပ်ကြံထုတ်လွှင့်ချက်များသည် တကယ်တော့ လေလှိုင်းကြားက မုသာဝါဒများသာ ဖြစ်ကြောင်း တိုင်းရင်းသားပြည်သူများ အမှန်တကယ် သိမြင်နိုင်ကြစေဖို့၊ နယ်ချဲ့အန္တရာယ် ရန်စွယ်မှန်သမျှကို အထင်ရှား သိမြင် ဆင်ခြင် သတိထား ဖယ်ရှားနိုင်ကြစေဖို့ ဖော်ကျူးရေးသားထားသည့် ဆောင်းပါးကောင်း ၃၁ပုဒ် ပါဝင်သည်။

အဆိုပါ စာအုပ်များကို နေပြည်တော် သပြေကုန်းဈေးရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် ကုန်သည်လမ်း စာပေဗိမာန် စာအုပ်အရောင်းဆိုင်တို့၌ ဝယ်ယူရရှိနိုင်သည်။

(သတင်းစဉ်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးအောင်ဖြိုး)-ဒေါ်ခင်ခင်(စာပေဟင်းလေးအိုးကြီး)တို့၏မြေး၊
ဦးတင်မောင်အေး-ဒေါ်စန်းစန်းဦး(စာပေရတနာ)တို့၏သားငယ်၊
ကိုကျော်ကျော်ထွန်း-မမာမာဦး(ကျော်ကျော်စာပေ)တို့၏ညီ

ဗိုလ်ကြီးဝင်းနောင် B.C.Sc(D.S.A)

Diploma in Wireless Engineering(PLA University, China)

နှင့်

ရန်ကုန်မြို့နေ ဦးကြည်(သချ်ာကြည်ညွန့်)-ဒေါ်သန်းသန်းငွေတို့၏သမီးငယ်၊
မနွယ်နီမောင်မောင်(Moe Thit Htun Desktop Printing Service)နှင့်
ကိုသီဟကိုကို(Dy Executive Director, Htoo Group of Companies)-
မဝတ်မှုံထွန်းတို့၏ညီမ

Dr. ဟန်သီမောင်မောင် M.B.,B.S(YGN)

SML(Medical Laboratory Personal)

တို့၏ ၄-၁-၂၀၁၁ရက်(အင်္ဂါနေ့)တွင် မင်္ဂလာမော်ကွန်းဝင်လက်မှတ်ရေးထိုးပေးပြီး မင်္ဂလာသြဝါဒမြွက်ကြားပေးပါသော ရန်ကုန်တိုင်းဒေသကြီး တွဲဖက်တိုင်းတရားသူကြီး(၁) ဦးဇော်ဝင်းအားလည်းကောင်း၊ ၁၅-၁-၂၀၁၁ရက် (စနေနေ့)တွင် Yuzana Garden Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာ လက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ညွန့်နှင့် ဇနီးဒေါ်သီတာစိန်တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယဗိုလ်မှူးကြီးထွန်းနိုင်ကိုနှင့် ဇနီးဒေါ်တင်နီလာထွန်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးစိုးမင်းလတ်(MD, SML Advanced Medical Laboratory)နှင့်ဇနီး ဒေါက်တာ ချောချောလင်းစန္ဒာ(Laboratory Director, SML Advanced Medical Laboratory)၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသောတေးသံရှင် ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများ သီဆိုဖျော်ဖြေပေးပါသော The Acess တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာခင်ရူပါဦး၊ မင်္ဂလာပန်းကုံးဗန်း ကိုင်ဆောင်ပေးပါသော ဒေါက်တာ ခင်သီတာမွန်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာခင်နှင်းဆွေ၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးမျိုးမင်းအောင်၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာခင်ခင်မြင့်ကြည်၊ မိတ်ကပ်နှင့်ဆံပင်ထုံးဖွဲ့ပေးပါသော မိတ်ကပ် ကိုမာ၊ မင်္ဂလာဝတ်စုံချုပ်ပေးပါသော မဇူဇူ(Zu Zu Collection)၊ မင်္ဂလာလက်ကိုင်ပန်းနှင့် ပန်းအလှဆင်ပေးပါသောနီနီပွိုင့်၊ ဓာတ်ပုံဗီဒီယို မှတ်တမ်းတင်ပေးပါသော Forever နှင့်အဖွဲ့၊ ကိုယ်တိုင်ကိုယ်ကျ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ကြသော နှစ်ဖက်မိဘဆွေမျိုးများ၊ ရပ်ဝေး၊ ရပ်နီးမှ မိတ်ဆွေသူငယ်ချင်းများ၊ Yuzana Garden Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဝင်းနောင်-ဒေါက်တာဟန်သီမောင်မောင်

နှစ်ပွဲဆက်အနိုင်နှင့်အတူ ဧယျာရွှေမြေအသင်း ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်

ရန်ကုန် ဇန်နဝါရီ ၂၄

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၂)ကို ယမန်နေ့နှင့်ယနေ့ ညနေ ၄ နာရီတို့တွင် အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ ဧယျာရွှေမြေအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲများအသီးသီးရရှိခဲ့ကြသည်။

(သုဝဏ္ဏကွင်း)

ဧယျာရွှေမြေ သုံးဂိုး
(ဗစ်တာ-နှစ်ဂိုး၊ ဇော်လင်းထွန်း)
ရက္ခပူရယူနိုက်တက် တစ်ဂိုး
(မာတင်)

အဖွင့်ပွဲစဉ်တွင် လက်ရှိချန်ပီယံ ရတနာပုံအသင်းကို တစ်ဂိုးစီသရေ ကစားနိုင်ခဲ့သည့် အသင်းသစ် ရက္ခပူရအသင်းမှာ ယခုပွဲတွင်လည်း ဧယျာရွှေမြေအသင်းထံမှ အမှတ်ရယူနိုင်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ဇွဲကပင်ယူနိုက်တက် အသင်းကို ဂိုးပြတ် အနိုင်ရရှိထားသည့် ဧယျာရွှေမြေအသင်းမှာ အမှတ်ပေးဇယား ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နိုင်ရန် အတွက် လူစုံထုတ်ကစားခဲ့သည်။

MNL အသင်းသစ် ရက္ခပူရယူနိုက်တက်အသင်းမှာ ရတနာပုံ F.Cနှင့် ပွဲကလိုပင် ဧယျာရွှေမြေအသင်း၏ ကစားကွက်ကို အကောင်းဆုံး ပြန်လည်တုံ့ပြန်ရန် ကြိုးစားခဲ့ရာ ပွဲမှာ အပြန်အလှန်ရှိခဲ့သည်။ ၄၄ မိနစ်တွင် ဧယျာရွှေမြေအသင်း အဖွင့်ဂိုးစတင်ရရှိခဲ့ပြီး ထောင့်ကန်ဘောမှ တစ်ဆင့် အသင်းခေါင်းဆောင် ဇော်လင်းထွန်းက ပိတ်သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ဧယျာရွှေမြေအသင်းက ဂိုးရရန်ကြိုးစားခဲ့ပြီး ၅၄ မိနစ်တွင် တိုက်စစ်မှူး ဗစ်တာက ပယ်နယ်တီမှတစ်ဆင့် ဒုတိယဂိုးသွင်းယူခဲ့သည်။ နှစ်ဂိုးပေးလိုက်ရ၍ ရက္ခပူရအသင်း ချေပဂိုးရရန် ကြိုးစားခဲ့ရာ ၆၃ မိနစ်တွင် မာတင်က ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူခဲ့သည်။ သို့သော် ငါးမိနစ်အကြာတွင် ဗစ်တာက ဧယျာရွှေမြေအတွက် တတိယဂိုး သွင်းယူခဲ့သဖြင့် ပွဲအပြီးတွင် ဧယျာရွှေမြေအသင်းက သုံးဂိုး-

ဥဿာတိုက်စစ်မှူး လစ်ပီ လစ်ပီနှင့် မနောမြေနောက်ခံလူ ဂျက်ဆင်တို့ ခေါင်းယှဉ်တိုက်စဉ်။

တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

(အောင်ဆန်းကွင်း)

ဧရာဝတီယူနိုက်တက် တစ်ဂိုး
(မင်းမင်းထွန်း)
Southern Myanmar ဂိုးမရှိ

(အောင်ဆန်းကွင်း)

ဥဿာယူနိုက်တက် နှစ်ဂိုး
(ထွန်းမင်းဦးနှင့်ဂျူနီယာ)
မနောမြေ ဂိုးမရှိ

ရှုံးထွက်ချန်ပီယံ ဥဿာယူနိုက်တက်အသင်းမှာ နှစ်ပွဲဆက်အနိုင်ရလဒ်နှင့်အတူ အမှတ်ပေးဇယား တတိယ နေရာတွင် ဆက်လက် ရပ်တည်နိုင်ခဲ့သည်။ အဖွင့်ပွဲစဉ်တွင် အသင်းကြီး ကမ္ဘောဇကို သရေ ကစားနိုင်ခဲ့သည့် မနောမြေအသင်းမှာ ဥဿာအသင်းထံမှ အမှတ်ရယူနိုင်ရန် ကြိုးစားခဲ့သော်လည်း ဥဿာနောက်တန်းကို မကျော်နိုင်ခြင်း၊ ၅၇ မိနစ်တွင် အေးမင်းဝင်း နှစ်ဝါ၊ တစ်နီဖြင့် ထုတ်ပယ်ခံရခြင်း တို့ကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ဥဿာအသင်းအတွက် အနိုင်ဂိုးများကို ၁၉ မိနစ်တွင် ထွန်းမင်းဦးနှင့် မိနစ် ၉၀တွင် ဂျူနီယာတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

သတင်းမှတ်စုနှင့်
ဓာတ်ပုံ-ရှိုင်းထက်ဇော်

၂၉-၁-၂၀၁၁(သုဝဏ္ဏကွင်း)
ရန်ကုန်ယူနိုက်တက်-
ဧယျာရွှေမြေ

(တောင်ကြီးကွင်း)
ကမ္ဘောဇ-ရတနာပုံ

(အောင်ဆန်းကွင်း)
ဥဿာယူနိုက်တက်-
နေပြည်တော်

ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရမည်းသင်းမြို့နယ် ရွာမကျေးရွာစက်ရေတွင်းတူးဖော်နေမှုကို အင်ဂျင်နီယာမှူး ဦးသောင်းလွင် အနီးကပ်ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

နာဆရီသည် ပြင်သစ်၏ အနာဂတ်ဟု ဇီဒန်းချီးမွမ်း

လန်ဒန် ဇန်နဝါရီ ၂၄

ပြင်သစ်အသင်း၏ ကမ္ဘာ့ဖလား သူရဲကောင်း ဇီဒန်းက ဆမီယာနာဆရီ **(ယာပုံ)**သည် ပြင်သစ်အသင်းကို ယခု ဆယ်စုနှစ်အတွင်း တိုးတက်အောင် ဆောင်ရွက်နိုင်မည့်သူဖြစ်ကြောင်း ချီးကျူးလိုက်သည်။

ဇီဒန်းကဲ့သို့ပင် မာဆေးအကယ်ဒမီမှ ထွက်ပေါ်လာခဲ့သော နာဆရီသည် ပရီမီယာလိဂ်ကလပ် အာဆင်နယ်တွင် ခြေစွမ်းပြနိုင်သောကြောင့် ပြင်သစ်မှ ဝေဖန်သူများကို မင်သက်စေခဲ့သူဖြစ်သည်။ ဇီဒန်းကနာဆရီ အာဆင်နယ်တွင် ကစားနေသည့် ကစားဟန်ကို လောရင့်ဘလန့်၏ ပြင်သစ်အသင်းတွင် တွေ့မြင်ရမည်ဟု ယုံကြည်နေသည်။

"ဆမီယာ ရှေ့လျှောက် တိုးတက်ဖို့ရှိတယ်လို့ ကျွန်တော် တကယ်ပဲ ယုံကြည်ပါတယ်။ ကျွန်တော့်အတွက်တော့ သူဟာ အနာဂတ် ပြင်သစ်အသင်းကို ကိုယ်စားပြုပါတယ်၊ အနာဂတ် မျှော်လင့်ချက်ကြီးပါပဲ"ဟု ၁၉၉၈ တွင် ပြင်သစ်အသင်းအား ကမ္ဘာ့ဖလားရရှိအောင် စွမ်းဆောင်ပေးခဲ့သူ ဇီဒန်းက မီဒီယာသမားများကို ပြောကြားခဲ့သည်။

တရားစွဲမည်

တစ်ချိန်တည်းတွင် ဇီဒန်းသည် ကာတာ ၂၀၂၂ ကမ္ဘာ့ဖလား ကျင်းပခွင့်ကို ထောက်ခံခဲ့မှုအပေါ် သရော်ခဲ့သည့် ဟာသသမား ခရစ်စတိုဖီ အယ်လီဗက်နှင့် Sportmug ကို တရားစွဲမည်ဟု ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

"မစ္စတာ ဇီနဒင်ဇီဒန်းက ဒီမှတ်ချက်များဟာ လူတစ်ယောက်အနေနဲ့ နောက်ပြီးတော့ နာမည်ကျော်တစ်ယောက်အနေနဲ့ သူ့မိသားစု အပါအဝင် သူရဲ့ဂုဏ်၊ သူ့ရဲ့သိက္ခာ၊ သူ့ရဲ့စာရိတ္တ၊ သူ့ရဲ့အသရေကို ညှိုးနွမ်းထိခိုက်စေတယ်လို့ ယူဆပါတယ်"ဟု ရှေ့နေ အယ်ဘာတိုဘရူဆိုကဆိုသည်။

အင်တာနက်။

ဝင်းတင်
(ကြေးမုံ)

စိုးတင့်နိုင်

အာရှဖလားဘောလုံးပြိုင်ပွဲ ဂျပန်နှင့် တောင်ကိုရီးယား၊ ဥဇဘက်ကစ္စတန်နှင့် ဩစတြေးလျတို့ အကြိုဗိုလ်လုမည်

ဒိုဟာ ဇန်နဝါရီ ၂၄

အာရှဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယနေ့ပွဲစဉ်များကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပခဲ့ရာ တောင်ကိုရီးယားနှင့် ဩစတြေးလျတို့ နိုင်ပွဲရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ဩစတြေးလျအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဟာရီကီးဝဲလ် သွင်းယူစဉ်။

အီရန်နှင့် တောင်ကိုရီးယားတို့ပွဲမှာ သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်သည်အထိ ဂိုးမရှိသရေကျနေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားစေခဲ့ရာ ၁၅ မိနစ်တွင် တောင်ကိုရီးယားဂိုးစတင်ရရှိပြီး ထိုဂိုးကို ပွဲပြီးသည်အထိ ဆက်လက်ထိန်းထားနိုင်ခဲ့၍ တောင်ကိုရီးယားတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျနှင့် အီရတ်တို့ပွဲသည်လည်း သာမန်ပွဲကစားချိန် မိနစ် ၉၀ အထိ သရေကျနေ၍ အချိန်ပိုဆက်လက်ကစားခဲ့ရာ ပွဲပြီးခါနီး ၂ မိနစ်အလိုတွင် ဟာရီကီးဝဲလ်က အဖိုးတန် အနိုင်ဂိုးသွင်းပြီး ဩစတြေးလျကို အကြိုဗိုလ်လုပွဲဆီသို့ ပို့ဆောင်ပေးခဲ့သည်။

ယှဉ်ပြိုင်မည်

အကြိုဗိုလ်လုပွဲစဉ်များအဖြစ် ဇန်နဝါရီ ၂၅ ရက် (ယနေ့) ည ၇း၅၅ နာရီတွင် ဂျပန်နှင့် တောင်ကိုရီးယား၊ ည ၁၀း၅၅ နာရီတွင် ဥဇဘက်ကစ္စတန်နှင့် ဩစတြေးလျတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အင်တာနက်။

ဝုဖ်ဘတ်ခံစစ်မှူး ဆိုင်မွန်ဂျာအား ချယ်လ်ဆီးမှ ခေါ်ယူစာချုပ် ချုပ်ဆိုမည်

လန်ဒန် ဇန်နဝါရီ ၂၄

ဝုဖ်ဘတ်ခံစစ်မှူး ဆိုင်မွန်ဂျာအား ချယ်လ်ဆီးအသင်းမှ ခေါ်ယူစာချုပ် ချုပ်ဆိုတော့မည်ဖြစ်ပြီး ၎င်း၏ အပြောင်းအရွှေ့အား တနင်္လာနေ့တွင် အပြီးသတ်ပြုလုပ်မည်ဖြစ်ကြောင်း Talksport မှ ပြောကြားသွားသည်။

ချယ်လ်ဆီးနည်းပြ ကားလို့စ်အန်ဆန်လော့တီသည် အေစီမီလန်တွင် မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်ကတည်းက အဆိုပါ ဒိန်းမတ်လက်ရွေးစင်ကစားသမားအား မျက်စိကျခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းအနေဖြင့် ရီကာဒိုကာဗယ်လ်ဟို ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့သွားမှုနှင့် ပုံမှန်ပွဲထွက်ကစားသမား ဂျွန်တယ်ရီနှင့် အဲလက်စ်တို့ ဒဏ်ရာအနာတရဖြစ်ပြီးကတည်းက နောက်တန်းအင်အား ဖြည့်ရန်အတွက် အာရုံထားလာရသည်။

အသက် (၂၄) နှစ်အရွယ်ရှိ ဆိုင်မွန်ဂျာကလည်း စတန်းဖို့ဒ်ဘရစ်ခ်ျသို့ ပြောင်းရွှေ့ရန် စိတ်အားထက်သန်နေပုံရပြီး ၎င်း၏ အပြောင်းအရွှေ့တန်ဖိုးမှာ ပေါင် ၁၂ ဒသမ ၅ သန်းခန့်ဖြစ်ကြောင်း သိရသည်။

အင်တာနက်။

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊
- ☆ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊
- ☆ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲ သိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

စကြဝဠာအတွင်း သက်တမ်းကုန်သည့် ကြယ်တစ်စင်း ပျက်စီးမှုကို သရုပ်ဖော်ထားသည့် ဂရပ်ဖစ်ပုံတစ်ပုံအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

၂၀၁၂ ခုနှစ်တွင် ကောင်းကင်၌ ဒုတိယနေတစ်စင်း တွေ့မြင်နိုင်ဖွယ်ရှိသည်ဆိုသည့်သတင်း အငြင်းပွားလျက်ရှိ

အဲမွန်ဩ

လန်ဒန် ဇန်နဝါရီ ၂၄

သက်တမ်းကုန် ချုပ်ငြိမ်းတော့မည့် ရောမကြယ်ကြီးတစ်စင်း ပေါက်ကွဲမှုကြောင့် ယခုနှစ်ကုန်ပိုင်း (သို့မဟုတ်) ၂၀၁၂ ခုနှစ်ထက် နောက်မကျဘဲ ကမ္ဘာမြေ၏ ကောင်းကင်ယံ၌ ဒုတိယမြောက်နေတစ်စင်း ထွန်းလင်းသည့် မြင်ကွင်းမျိုးကို ရက်သတ္တတစ်ပတ် သို့မဟုတ် နှစ်ပတ်ခန့်ကြာအောင် မြင်တွေ့ကြရဖွယ်ရှိကြောင်း အဆိုတစ်ခုနှင့် ပတ်သက်၍ သိပ္ပံပညာရှင်များအတွင်း အချေအတင် အငြင်းပွားလျက်ရှိကြသည်။

မိမိတို့ကမ္ဘာမြေမှ အလင်းနှစ် ၆၄၀ အကွာတွင်ရှိသော Orion Constellation ခေါ် မုဆိုးတာရာ အတွင်းရှိ ဘီးတဲလ်ဂျူးစ်(Betelgeuse) ခေါ် အနီရောင်တောက်ပသော ရောမကြယ်အိုကြီးမှာ သက်တမ်းကုန်ပြီး ချုပ်ငြိမ်းပေါက်ကွဲတော့မည်ဖြစ်ရာ အဆိုပါဖြစ်ရပ် ဖြစ်ပေါ်လာပါက ကမ္ဘာမြေမှကြည့်လျှင် နောက်ထပ်နေတစ်စင်းသဖွယ် တွေ့မြင်ကြရမည်ဖြစ်သည်ဟု ဩစတြေးလျနိုင်ငံ ကွင်းစလန်တောင်ပိုင်းတက္ကသိုလ်မှ အကြီးတန်း ရူပဗေဒကထိက ဒေါက်တာ ဘရက်ကာတာက ပြောကြားကြောင်း ဗြိတိန်နိုင်ငံမှ ဒေးလီးမေးလ် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဘီးတဲလ်ဂျူးစ်ကြယ်ကြီးမှာ ညဘက် ကောင်းကင်ယံတွင် နဝမမြောက် ထွန်းလင်းအတောက်ပဆုံးနှင့် မုဆိုးတာရာကြယ်စုအတွင်း ဒုတိယအတောက်ပဆုံးဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ✳